ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

(၂၇) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်**

**( ၂၀၁၆ ခုနှစ်၊ မေလ ၂၀ ရက် )**

**[သောကြာနေ့]**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ တစ်ခုလေး တင်ပြစရာလေး ရှိလို့ပါ။ ကျွန်တော်တို့ ဥပဒေကြမ်းများနဲ့ပတ်သက်လို့ ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ နဂိုကတည်းကိုက ဆွေးနွေးမယ့် အကြောင်းအရာ၊ ဆွေးနွေးမယ့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီးလို့ ကျွန်တော်တို့ ဥက္ကဋ္ဌ ကလည်း ကြေညာထားတာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းများနဲ့ပတ်သက်လို့ ဆွေးနွေးတဲ့အခါမှာ မိမိတို့ ဆွေးနွေးလိုတဲ့ အကြောင်းအရာများကို ပြည့်ပြည့်စုံစုံလေးနဲ့ ထည့်သွင်းပြီးတော့ ကျွန်တော်တို့ဆီက ပုံစံလေးမှာ ထည့်သွင်းဖော်ပြ ပေးစေချင်ပါတယ်ခင်ဗျား။ ဒါမှလည်းပဲ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာတဲ့အချိန်မှာ ဒါကို ကျွန်တော်တို့ အထောက်အကူပြုပြီးတော့ ရှင်းရှင်းလင်းလင်း လွယ်လွယ်ကူကူနဲ့ မြန်မြန်ဆန်ဆန် ဖြစ်နိုင်မှာဖြစ်တဲ့ အတွက်ကြောင့် ဒါလေးကိုတော့ ကျွန်တော်တို့ ဆွေးနွေးမယ်ဆိုရင်တော့ ခုနက ကျွန်တော် တင်ပြခဲ့တဲ့ ဆွေးနွေးမယ့် အကြောင်းအရာ၊ အပိုဒ်၊ အပိုဒ်ခွဲများကို ပြည့်ပြည့်စုံစုံ ဖော်ပြပြီးတော့မှ ကျွန်တော်တို့ဆီမှာ ပေးဖို့လို့ ဆိုပြီးတော့ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသား လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## **အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး ရဲ့ (၂၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁ )ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၁.၈၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၂၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး(၂၇)ရက်မြောက်နေ့ ၂၀-၅-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။ ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။ ဒေါ်ရှီလာနန်တောင်၊ ကချင်ပြည်နယ်မဲ ဆန္ဒနယ်အမှတ်(၂)။ ဗိုလ်မှူးကိုကိုနိုင်၊ တပ်မတော်သားကိုယ်စားလှယ်။ ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) နှင့် ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)တို့ ဖြစ်ကြပါတယ်။ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၇)ဦး ရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူ(၁၁)ဦးဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ (၁၈)ဦး ရှိပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၁၁)ဦးအား ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ

(၇)ဦး ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော နိုင်ငံတော်အား နှောင့်ယှက် ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြု ချက်အတိုင်းထားရှိရန် သဘောတူလက်ခံထားသဖြင့်လည်းကောင်း၊ ယင်းဥပဒေနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက်လည်းကောင်း နိုင်ငံတော်အား နှောင့်ယှက် ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် သဘောတူ/မတူ လွှတ်တော် ရဲ့ သဘောထား ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းသည် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)က ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရေချိုငါးလုပ်ငန်း ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ (က)အရ ရေချိုငါးလုပ်ငန်း ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့် က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ကျွန်တော် ဦးဆန်းမြင့် လွှတ်တော်ကို တင်သွင်းခဲ့တဲ့ ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**မန်းထွန်းကြိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မန်းထွန်းကြိုင် ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးဆန်းမြင့် တင်သွင်းသွားသော အဆိုကို အလေးအနက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရေချိုငါးလုပ်ငန်း ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုရန် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရေချိုငါးလုပ်ငန်း ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ရေချိုငါးလုပ်ငန်း ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းသည် အတည်ဖြစ်သည်။ (ဩဘာသံများ)

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) (ဥက္ကဋ္ဌ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ) က တင်သွင်းသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ** ။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး တင်သွင်းတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ဒီနေ့ ဆွေးနွေးမယ့်အချက်က အရေးကြီးတဲ့ အချက်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ သတ်မှတ် ခွင့်ပြုချိန် (၁၀)မိနစ် မလုံလောက်ရင် နောက်ထပ် (၅)မိနစ် ခွင့်ပြုမှာ ဖြစ်ပါတယ်။ ဆွေးနွေးတဲ့အခါ မှာလည်း လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ အဖွဲ့အစည်းတွေကိုဖြစ်စေ ထိခိုက်မယ့်အသုံးအနှုန်း များကို ရှောင်ရှားပြီးတော့ အဆိုနဲ့ပတ်သက်တဲ့ အချက်ကိုသာ တင်ပြဆွေးနွေးဖို့ အသိပေးပါတယ်။

ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၀း၁၄။**

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ မင်္ဂလာပါခင်ဗျား။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ နိုင်ငံသူ၊ နိုင်ငံသား အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးရဲ့ (၂၁)ရက်မြောက်နေ့ဖြစ်တဲ့ ၆-၅-၂၀၁၆ (သောကြာနေ့)မှာ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း အား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆို တင်သွင်းခဲ့တာကို အဲဒီနေ့မှာပဲ လွှတ်တော်က

ဆွေးနွေးရန် လက်ခံသဘောတူခဲ့ပြီး ဥပဒေကြမ်းကော်မတီထံ လွှဲအပ်ခဲ့ပါတယ်။ တတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းကိုလည်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ ဥပဒေကြမ်းကော်မတီက ၁၆-၅-၂၀၁၆(တနင်္လာနေ့)မှာကျင်းပတဲ့ (၂၄)ရက်မြောက်နေ့ အစည်းအဝေးမှာ ပြင်ဆင်တဲ့ဥပဒေကြမ်းနဲ့ စပ်လျဉ်းတဲ့ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းတင်ပြပြီး မူလဥပဒေအဆိုပြုပြဋ္ဌာန်းချက်နဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ပါ ဇယားအား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပါတယ်။ အဆိုပြု ပြဋ္ဌာန်းချက်အတော်များများကို ဥပဒေကြမ်းကော်မတီက သဘောတူတာကို တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အချို့ကို အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း ထားရှိဖို့ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ နိုင်ငံမှာ နိုင်ငံသူ၊ နိုင်ငံသားတွေကို အနီးကပ်ဆုံးနဲ့ အခြေခံအကျဆုံး အုပ်ချုပ်တဲ့နေရာမှာ အသုံးပြုခဲ့တဲ့ ဥပဒေများကတော့ ၂၀၁၂ ခုနှစ်၊ မတိုင်မီအထိ မြို့များ အက်ဥပဒေနဲ့ ကျေးရွာအက်ဥပဒေတို့ ဖြစ်ပါတယ်။ ၁၉၀၇ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ အက်ဥပဒေများလည်း ဖြစ်ပါတယ်။ နှစ်ပေါင်း(၁၀၀)ကျော် အတည်ဖြစ်ခဲ့ပါတယ်။ ကြားကာလတွေမှာ ရပ်ကွက်၊ ကျေးရွာ ပြည်သူ့ကောင်စီ၊ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့တို့ရဲ့ ဥပဒေအမိန့်တွေလည်း ရှိခဲ့ပါတယ်။ ပြောင်းလဲလာတဲ့ ခေတ်စနစ်များထဲမှာ ဒီကနေ့ ဖြစ်ပေါ်လာတဲ့ ခေတ်စနစ်နဲ့ ကိုက်ညီပြီး နိုင်ငံသူ၊ နိုင်ငံသားအားလုံးအတွက် လိုက်လျောညီထွေဖြစ်မယ့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေး ဥပဒေတစ်ရပ်ဖြစ်ဖို့ လိုပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈၉ မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု၏ အုပ်ချုပ်ရေးကို ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဥပဒေနဲ့အညီ ခန့်အပ်တာဝန်ပေး ဆောင်ရွက်စေရမည်လို့ ပါရှိပါတယ်။

အဲဒီလို ခန့်အပ်တာဝန်ပေး ဆောင်ရွက်စေရမယ့် ဥပဒေကတော့ အခု တတိယအကြိမ် ပြင်ဆင်မယ့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပဲ ဖြစ်ပါတယ်။ ဒီဥပဒေဟာ ပထမအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးကာလမှာ ပြည်သူ့လွှတ်တော်က ဆွေးနွေးခဲ့တဲ့ ဥပဒေကြမ်း (၁၆၅)ခုထဲက ဒုတိယမြောက် ဥပဒေကြမ်းတစ်ခုဖြစ်ပါတယ်။ ဥပဒေကြမ်းကို တင်သွင်းခဲ့တာက ပြည်ထဲရေးဝန်ကြီးဌာနကဖြစ်ပြီးတော့ ပြည်သူ့လွှတ်တော်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်းကို စတင်အတည်ပြုဆောင်ရွက်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဥပဒေအမှတ်(၁)အဖြစ် ၂၄-၂-၂၀၁၂ မှာ ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါတယ်။ သက်ဆိုင်တဲ့ ဝန်ကြီးဌာနကတော့ ဥပဒေကြမ်းကို တင်သွင်းခဲ့တဲ့ ပြည်ထဲရေးဝန်ကြီးဌာနပဲ ဖြစ်ပါတယ်။ ဥပဒေမှာ အခန်း(၁၅)ခန်း၊ ပုဒ်မ (၃၇)ခု ပါရှိပါတယ်။ ဒီဥပဒေနဲ့ပဲ မြို့များအက်ဥပဒေ ၁၉၀၇ ခုနှစ်၊ မြန်မာနိုင်ငံ အက်ဥပဒေအမှတ် (၃) ကျေးရွာအက်ဥပဒေ ၁၉၀၇ ခုနှစ်၊ မြန်မာနိုင်ငံ အက်ဥပဒေအမှတ် (၆)တို့ကိုလည်း ရုပ်သိမ်းခဲ့ပါတယ်။ ဥပဒေအတည်ပြုပြဋ္ဌာန်းပြီး တစ်လကျော်ကြာတဲ့ ၂၈-၃-၂၀၁၂ ရက်နေ့မှာ ဥပဒေအမှတ် ၇/၂၀၁၂ နဲ့ ပထမအကြိမ် ပြင်ဆင်မှုပြုခဲ့ပါတယ်။ ပုဒ်မ ၂၇ ရဲ့နောက်မှာ ၂၇-က အဖြစ် ဖြည့်စွက်ပြီး လုပ်အား သို့မဟုတ် ဝန်ဆောင်မှုကို အဓမ္မရယူခိုင်းစေမှုပြုရင် ပြစ်ဒဏ်ပေးမယ့် ပြင်ဆင်ချက်တစ်ရပ်ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၃)နဲ့ ၂၀-၁-၂၀၁၆ ရက်နေ့မှာ ဒုတိယအကြိမ် ပြင်ဆင်ပါတယ်။ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ သက်တမ်းနဲ့ဆိုင်တဲ့ အချက်ကို ပြင်ဆင်ခြင်း

ဖြစ်ပါတယ်။ မူလဥပဒေရဲ့ ပုဒ်မ ၉ မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရဲ့ သက်တမ်းက ပြည်သူ့လွှတ်တော်ရဲ့ သက်တမ်းနှင့်အညီ ဖြစ်သည်။ ယင်း၏ သက်တမ်းသည် (၃)ကြိမ် ထက်မပိုစေရဆိုတဲ့နေရာမှာ နိုင်ငံတော်သမ္မတရဲ့ ရာထူး၊ သက်တမ်းနဲ့ သက်တမ်း (၂)ကြိမ်ထက် မပိုစေရဆိုတာအပြင် သက်တမ်းသစ်အတွက် အုပ်ချုပ်ရေးမှူးအသစ်များ ခန့်အပ်တာဝန်ပေးပြီးသည့် အချိန်ထိ တာဝန်ယူ ထမ်းဆောင်ရမယ်၊ လုပ်ငန်းတာဝန်များကို စနစ်တကျ လွှဲပြောင်းရမယ်ဆိုတာကိုပါ ဖြည့်စွက်ပြင်ဆင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း ပြည့်စုံမှု မရှိသေးလို့ အခုလို တတိယအကြိမ် ပြင်ဆင် ရခြင်းပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအချက်အနေနဲ့ မူလ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေရဲ့ အခန်း(၃) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ပြည့်စုံရမည့် အရည်အချင်းများ ပုဒ်မ ၅ တွင် ပုဒ်မခွဲ(ဂ)မှာ သင့်တင့်သော ပညာအရည်အချင်းရှိသူဖြစ်ခြင်း ဆိုတာကို အနိမ့်ဆုံး အခြေခံပညာ အလယ်တန်းအဆင့် ပညာအရည်အချင်း ရှိသူဖြစ်ခြင်းလို့ ပြင်ဆင် အဆိုပြုပြဋ္ဌာန်းခဲ့ပါတယ်။ ဒါကို ဥပဒေကြမ်းကော်မတီအနေနဲ့ အခြေခံပညာမူလတန်းအဆင့်နှင့် ညီမျှသော ပညာအရည်အချင်း အောင်မြင်ပြီးသူဖြစ်ခြင်းလို့ ပြင်ဆင်ပါတယ်။ ဒီနေရာမှာ အခြေခံပညာ မူလတန်းအဆင့်နှင့် ညီမျှသော ပညာအရည်အချင်း အောင်မြင်ပြီးသူလို့ ဆိုတဲ့အတွက် မူလတန်းအဆင့် အောင်မြင်ပြီးသူ မပါဝင်တဲ့ အဓိပ္ပာယ်မျိုးတွေ ဖြစ်နေပါတယ်။ မူလတန်းအဆင့် အောင်မြင်ပြီးသူ ပါဝင်တယ်လို့ ဆွဲယူတွေးမယ် ဆိုလို့ရှိရင်လည်း အလယ်တန်းအဆင့် ပညာအရည်အချင်းရှိသူ ဖြစ်နေပြန်ပါတယ်။ အမှန်ကတော့ ဥပဒေစကားရပ်တွေမှာ ဆွဲယူတွေးရတာမျိုးမဟုတ်ဘဲနဲ့ တိတိကျကျ ရှင်းရှင်းလင်းလင်း ရေးသား ဖော်ပြရမှာပဲဖြစ်ပါတယ်။ အဆိုပြုပြဋ္ဌာန်းချက်နဲ့ အဓိပ္ပာယ် အတူတူဖြစ်နေပါလျက် အဓိပ္ပာယ်ရှုပ်ထွေး သွားစေခြင်းသာဖြစ်နေလို့ အဆိုပြုပြဋ္ဌာန်းထားတဲ့အတိုင်း အနိမ့်ဆုံးအခြေခံပညာ အလယ်တန်းအဆင့် ပညာအရည်အချင်းရှိသူဖြစ်ခြင်းကိုသာ အတည်ယူသင့်ပါတယ်။

ဒုတိယအချက်အနေနဲ့ မူလ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ အခန်း(၄)၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ခန့်အပ်တာဝန်ပေးခြင်း ပုဒ်မ ၇၊ ပုဒ်မခွဲ(က)မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ခြေစာရင်းကို ရယူ၍ သတ်မှတ်ထား သော နည်းလမ်းများနဲ့အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအလိုက် ဆယ်အိမ်စု အစုအဖွဲ့များ ဖွဲ့စည်းရ မည်ဆိုတဲ့ အဆိုနေရာမှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ခြေစာရင်းကို အစဉ်လိုက် ရယူ၍ဆိုပြီး အဆိုပြုပြဋ္ဌာန်းထားချက်ကိုလည်း ဥပဒေကြမ်းကော်မတီအနေနဲ့က တစ်ဆက်တစ်စပ်တည်း အစဉ်လိုက်ဆိုပြီးတော့ ပြင်ဆင်ထားတာကိုတွေ့ရှိရပါတယ်။ အစဉ်လိုက်လို့ ကျွန်တော်တို့ ဆိုက တည်းက တစ်ဆက်တည်းဆိုတာ ပေါ်လွင်ထင်ရှားနေတဲ့အတွက် တစ်ဆက်တစ်စပ်တည်း ထပ်ဖြည့် ခြင်းဖြင့် စကားလုံးဖောင်းပွခြင်းသာဖြစ်လို့မို့လို့ အဆိုပြုပြဋ္ဌာန်းချက်အတိုင်း အစဉ်လိုက်ဆိုတဲ့ စာစုသာ အတည်ပြုပေးသင့်ပါတယ်။

တတိယအချက်အနေနဲ့ မူလ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ အခန်း(၇)၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များ၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(၃)မှာ လက်ပူးလက်ကြပ်ဖမ်းဆီးရမိခြင်းမရှိသော သတင်းကျော်စောသည့် လူဆိုး သူခိုးများ

အားဖမ်းဆီးခြင်း၊ အရေးယူရန်အကြောင်းကြားခြင်းတို့ပါရှိပါတယ်။ လက်ပူးလက်ကြပ်ဖမ်းဆီးရမိခြင်း မရှိသောလို့ ဆိုကတည်းက ပြစ်မှုတစ်ခုခုကိုကျူးလွန်ပြီးဖြစ်နေတဲ့ လူဆိုးသူခိုးဖြစ်နေခြင်း၊ သတင်းကျော်စောရုံဖြင့် ပြစ်မှုတစ်ခုခုကို မကျူးလွန်ရသေးဘဲ ဖမ်းဆီးအရေးယူရန်မသင့်ခြင်း၊ အုပ်ချုပ်ရေးမှူးက ၎င်းမလိုလားသူဆိုလို့ရှိရင် သတင်းကျော်စောတယ်လို့ အလွယ်တကူ သတ်မှတ်ဒုက္ခပေးနိုင်ခြင်းတို့ကြောင့် သတင်းကျော်စောသည့်ဆိုသည့် စကားရပ်အားဖြုတ်ခဲ့တဲ့ အဆိုပြုပြင်ဆင်ချက်အတိုင်းပဲ အတည်ပြုပေးသင့်ပါတယ်။

စတုတ္ထအချက်အနေနဲ့ မူလ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ အခန်း(၁၀)၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၏ အခွင့်အရေးများ ဆိုတဲ့နေရာမှာ ဥပဒေကြမ်းကော်မတီက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းလို့ အစားထိုးပြင်ဆင်ထားပါတယ်။ အခန်း(၉)မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူ၏ တာဝန်ဝတ္တရားများဆိုတာ ပါရှိပြီးဖြစ်တဲ့အတွက် အခွင့်အရေးဆိုတဲ့ခေါင်းစဉ်အတိုင်းသာလျှင် ထားရှိသင့်ပါတယ်။ ဒီလိုအခန်းခေါင်းစဉ်ကို မူလ အတိုင်းထားရှိမှာ ဖြစ်တဲ့အတွက်လည်း အဆိုပြုပြင်ဆင်ချက်မှာအတိုင်း ပုဒ်မ ၂၄ ရဲ့ ခြေဆင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများသည် အောက်ပါအခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိသည်လို့ အတည်ပြုပေးသင့်ပါတယ်။ မူလဥပဒေပါ ပုဒ်မ ၃၃ အား ဧည့်စာရင်းတိုင်ကြားခြင်းမရှိတော့လို့ ပယ်ဖျက်ပြီးတဲ့နေရာမှာ ဥပဒေကြမ်းကော်မတီရဲ့ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(က)နဲ့ ပုဒ်မခွဲ(ခ) တို့ဖြင့် ဆယ်အိမ်စုမှူးတွေကို တာဝန်ရှိခိုင်းစေမှုဟာလည်း မဖြစ်သင့်ပါဘူး။ ခံစားခွင့်အခွင့်အရေး တစ်စုံတစ်ရာမပေးဘဲနဲ့ တာဝန်ရှိရန်ဆိုတာလည်း မဖြစ်နိုင်ပါဘူး။ ထို့အတူပဲ ဖြည့်စွက်မယ်လို့ပြောထားတဲ့ ပုဒ်မ ၃၃-က နဲ့ ကျေးရွာခွဲအုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ပေးခြင်းအားဖြင့် ချီးမြှင့်ထောက်ပံ့ငွေ တစ်စုံတစ်ရာမရရှိတဲ့ ကျေးရွာခွဲမြောက်များစွာရဲ့ အုပ်ချုပ်ရေးမှူးအများအပြားက တစ်ရွာခွဲခြင်း မလျော်ဩဇာအသုံးပြုမှု၊ အဂတိလိုက်စားမှုပေါင်းများစွာနဲ့ မလိုအပ်တဲ့ ရှုပ်ထွေးမှုများသာ ပေါ်ပေါက်လာရန်ရှိတဲ့အတွက် အဆိုပြုပြင်ဆင်ချက်အတိုင်း ပုဒ်မ ၃၃ ကို ပယ်ဖျက်ခြင်း တစ်မျိုးတည်းသာ အဆိုပြုသင့်ကြောင်းကို ဆွေးနွေး တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၃။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့ စပ်လျဉ်း၍ အမှတ်စဉ်(၃) ပုဒ်မ ၅၊ ပုဒ်မခွဲ(ဂ)အား ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနတုန်းက ဦးတင်အောင်ထွန်း မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဆွေးနွေးသွားသလိုပဲ ကျွန်တော်တို့ အမှတ်စဉ်(၃)မှာ အနိမ့်ဆုံးအခြေခံပညာ အလယ်တန်းအဆင့်

ပညာအရည်အချင်းရှိသူဖြစ်ခြင်းကို ဥပဒေကြမ်းကော်မတီက အဆိုတင်သွင်းထားတာကို ကျွန်တော့် အနေနဲ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ယနေ့အချိန်မှာ နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားအရေးကိစ္စများကို အရေးထားပြီး တိုင်းရင်းသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေး၊ ဖက်ဒရယ်ပြည်ထောင်စုထူထောင်နိုင်ရေး ဖော်ဆောင်နေသော အချိန်ကာလပင်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေပြုလွှတ်တော်အနေဖြင့်လည်း နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်နိုင်ပြီး တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်သော ဥပဒေဖြစ်အောင် စဉ်းစားဆုံးဖြတ်ရန် လိုအပ်မည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တိုင်းရင်းသားအများစုနေထိုင်သည့် ဝေးလံခေါင်သီသည့် တောင်ပေါ်ဒေသများအတွင်းရှိ ပြည်သူများ၏ ပညာအရည်အချင်းများကို ကန့်သတ်ဆောင်ရွက်မည်ဆိုပါက တိုင်းရင်းသားပြည်သူများ ရွေးချယ်ရာတွင် အငြင်းပွားမှုများအခက်အခဲ များစွာကြုံတွေ့ နိုင်မည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ၅(ဂ) အခြေခံပညာမူလတန်းအဆင့်နဲ့ညီမျှသော ပညာအရည်ချင်း အောင်မြင်ပြီးသူဖြစ်ခြင်းအား မူလ ပြဋ္ဌာန်းချက်အတိုင်း သင့်တင့်တဲ့ပညာအရည်အချင်းရှိသူဖြစ်ခြင်းကို ပြန်လည်ထားပေးပါရန် လွှတ်တော်ကို အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၅။**

**ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းဦး အဆိုတင်သွင်းခဲ့တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကို ဥပဒေကြမ်းကော်မတီက လွှတ်တော်သို့ တင်သွင်းခဲ့တဲ့ ဥပဒေကြမ်းကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းအပိုဒ်စဉ် အလိုက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၆ မှာ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ယင်းတာဝန်ကို ထမ်းဆောင်ရန် ဆန္ဒရှိသည့်အပြင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများက ရွေးချယ်ပေးသော ရပ်မိရပ်ဖ (၅)ဦးဖြင့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်လို့ ဥပဒေ ကြမ်းကော်မတီက ပြင်ဆင်ထားပါတယ်။ ဤအပိုင်းတွင် တကယ့်အမှန်တကယ်လက်တွေ့မှာ အများ အပြည်သူဆန္ဒနဲ့ ကြီးကြပ်ရေးမှူးကိုရွေးချယ်တဲ့အခါမှာ တကယ့်မြေပြင်လက်တွေ့မှာ အားနည်းချက်

များရှိပါတယ်။ အဲဒီအားနည်းချက်တွေကတော့ ကျွန်တော်တို့ အစည်းအဝေးဖိတ်ကြားတဲ့အခါမှာ နီးစပ်ရာများကို ကျွန်တော် လက်သိပ်ထိုးပြီးတော့ဖိတ်သွားခြင်း၊ နောက်တစ်ခါ အစည်းအဝေးဖိတ်ကြားခြင်းကို မနက်ဖြန်လိုမျိုး အစည်းအဝေးဆိုရင် ဒီလိုနေ့ညနေပိုင်းမှ ဖိတ်ကြားခြင်းဖြင့် ကျွန်တော်တို့ သက်ကယ်ချောင်းဖြင့် ခေါင်းလောင်းထိုးသလို ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပွင့်လင်းမြင်သာမှု ကျွန်တော်တို့ အားနည်းချက်မျိုး ရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ အခု တည်ဆဲဥပဒေရဲ့ အားနည်းချက်များအပေါ်မှာ အခြေခံပြီး ဆွေးနွေးတာဖြစ်ပါတယ်။

ထို့ကြောင့်မို့လို့ အများပြည်သူ ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)အဖြစ် ဒီမှာ ဖြည့်စွက်ဖို့ အကြံပြုလိုပါတယ်။ ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)ကို အုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေးမှူး အဖွဲ့ကို ရွေးချယ်ပေးနိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများအား (၃)ရက် ကြိုတင်ဖိတ်ကြားရမည်လို့ ဖြည့်စွက်လိုကြောင်း လေးစားစွာ အကြံပြုအပ်ပါတယ်ခင်ဗျား။

နောက်အခန်း(၄)၊ ပုဒ်မ ၇ ဟာ အုပ်ချုပ်ရေးမှူးရွေးချယ်တဲ့ပုဒ်မ ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၇ မှာ ပုဒ်မခွဲ(က)တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ခြေစာရင်းကို တစ်ဆက်တစ်စပ်တည်း အစဉ်လိုက်ရယူ၍ သတ်မှတ်ထားသောနည်းလမ်းများနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအလိုက် ဆယ်အိမ်စုအဖွဲ့များ ဖွဲ့စည်းရမည်ဟု ပြင်ဆင်ပြဋ္ဌာန်းထားပါတယ်။ ဤနေရာတွင် ဆယ်အိမ်စုစကားရပ်အစား ရာအိမ်စုလို့ ဖြည့်စွက်ပြင်ဆင်သင့်ကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်။ ဆယ်အိမ်စုသည် လက်ရှိပြင်ဆင်ထားတဲ့ဥပဒေမှာ အကြမ်းဖျင်းပြောရရင် ဆယ်အိမ်စုတစ်စုစီဖွဲ့ရမယ်၊ အဲဒီ ဆယ်အိမ်စုထဲကနေပြီးတော့မှ ဆယ်အိမ်စုကိုယ်စားလှယ် ဆယ်အိမ်မှူးတစ်ဦးကို ရွေးချယ်ရပါမယ်။ ၎င်းဆယ်အိမ်မှူးသည် ကျေးရွာရပ်ကွက်ရဲ့ အုပ်ချုပ်ရေးမှူးလောင်းလျာဖြစ်ပါတယ်။ တစ်ချိန်မှာ အုပ်ချုပ်ရေးမှူးလောင်းလျာ ဖြစ်မယ့်ပုဂ္ဂိုလ်ဟာ ဆယ်အိမ်တစ်စုအတွင်းကသာလျှင် ရွေးချယ်ခြင်းဟာ မလျော်ကန် မသင့်မြတ်ဘူးလို့ ယုံကြည်ပါတယ်။

ထို့အပြင် လူတစ်ဦးကို ကျေးရွာ သို့မဟုတ် ရပ်ကွက်အုပ်စုအတွင်းမှာ ရာနှုန်းပြည့် ထောက်ခံဖို့ဟာ အင်မတန်မှ ခဲယဉ်းလှပါတယ်။ လူတစ်ယောက်ဟာ အုပ်ချုပ်ရေးမှူးတာဝန်ကို လုပ်လည်းလုပ်နိုင်တယ်၊ လုပ်လည်းလုပ်နိုင်တဲ့ အရည်အချင်းရှိတယ်။ သို့ပေသော်လည်းပဲ ဒီဆယ်အိမ်စုအတွင်းမှာ အကြောင်းအမျိုးမျိုးကြောင့်မို့လို့ ဒီ ဆယ်အိမ်မှူးမဖြစ်ခဲ့လို့ရှိရင် သူလုပ်ချင်တဲ့ဆန္ဒ၊ တာဝန်ထမ်းဆောင်ချင်တဲ့ အုပ်ချုပ်ရေးမှူးတာဝန်များကို ကျွန်တော်တို့ ထမ်းဆောင်ခွင့်ရမှာမဟုတ်ပါဘူး။ ဆယ်အိမ်ထဲကနေရွေးတာနဲ့ စာလို့ရှိရင် ရာအိမ်စုအတွင်းမှ အုပ်ချုပ်ရေးမှူး အလောင်းအလျာဖြစ်တဲ့ ရာအိမ်မှူးကို ရွေးချယ်ပေးသင့်ပါတယ်။ ထို့ကြောင့် ပုဒ်မ ၇၊ ပုဒ်မခွဲ(က)ရဲ့ ဆယ်အိမ်စုဆိုတဲ့ စကားရပ်အစား ရာအိမ်စုလို့ ဖြည့်သွင်းအစားထိုးလိုကြောင်း လေးစားစွာ အကြံပြုအပ်ပါတယ်။

ထိုနည်းတူ ပုဒ်မ ၇၊ ပုဒ်မခွဲ(က)ရဲ့ ဆယ်အိမ်စုနေရာတွင် ရာအိမ်စု စကားရပ်အစားထိုးတဲ့အခါမှာ အလားတူ ပုဒ်မခွဲ(ခ)(ဂ)(ဃ)(င) တို့၏ ဆယ်အိမ်စု စကားရပ်များကိုလည်း ရာအိမ်စုလို့ ဖြည့်စွက်ပြီးတော့ ကျွန်တော်တို့ အစားထိုး ပြင်ဆင်ရမှာ ဖြစ်ပါတယ်။ ဒီလို ကျွန်တော်တို့ ရာအိမ်စုကိုယ်စားလှယ်များ ရွေးချယ်ခြင်းအားဖြင့် တကယ့်အမှန်တကယ်မြေပြင်မှာ ကျေးရွာအုပ်စုတစ်ခုမှာ တချို့ကျေးရွာများဟာ (၅)ရွာ အုပ်စု၊ တချို့ကျေးရွာများဟာ (၃)ရွာအုပ်စု၊ တချို့ကျေးရွာများဟာ

(၁၀)ရွာအုပ်စု အစရှိသဖြင့် ကျွန်တော်တို့ အုပ်စုတွေ ရှိပါတယ်။ ရပ်ကျေးအုပ်စု အုပ်ချုပ်ရေးမှူး ပေါ်ပေါက်လာသော်လည်းပဲ ကျေးရွာများကို ဆက်သွယ်တဲ့ အလှမ်းဝေးတဲ့ ဆက်သွယ်မှု၊ အုပ်ချုပ်မှု အလှမ်းဝေးတဲ့အခါမှာ အဲဒီက ရွာခွဲတွေအတွက်ကို ဆိုင်ရာရွာခွဲအုပ်ချုပ်ရေးမှူးတွေ၊ ရာအိမ်မှူးတွေ ထားပေးရပါတယ်။ အဲဒီလိုထားပေးမှသာလျှင် တကယ့်မြေပြင်လက်တွေ့မှာ အဆင်ပြေပါတယ်။ တကယ်လည်း အရပ်ထဲမှာ၊ တကယ်လည်း ကျွန်တော်တို့ အပြင်မှာ ဖြစ်နေတဲ့အနေအထားသည် ပေါ်ပေါက်လာတဲ့ အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ရွာခွဲများကိုထား၍ ရွာခွဲများမှာ ကိုယ်စားလှယ် အုပ်ချုပ်ရေးမှူးခွဲများကိုထား၍ လုပ်ငန်းဆောင်တာများလုပ်ရာမှာသာလျှင် အဆင်ပြေ ပါတယ်။ ဒီလို ရာအိမ်စု ဖွဲ့ခြင်းအားဖြင့် ရွာခွဲခေါင်းဆောင်များ သို့မဟုတ် အုပ်ချုပ်ရေးမှူးခွဲများ ခန့်ထားခြင်းဟာ တစ်ခါတည်း ကျွန်တော်တို့ ရွေးချယ်ပြီးသား ပြည်သူ့ဆန္ဒနဲ့အညီ ရွေးချယ်ပြီးသား ဖြစ်မှာ ဖြစ်ပါတယ်။

နောက် ပုဒ်မ ၇၊ ပုဒ်မခွဲ(က)မှာ ကျွန်တော်တို့ ယင်း ရာအိမ်စု စာရင်းများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး မရွေးချယ်မီ (၃)ရက်ကြိုတင်၍ ကြေညာရမည်ဟု ဖြည့်သွင်းလိုပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီရာအိမ်မှူးစာရင်းတွေကို စနစ်တကျ အုပ်ချုပ်ရေးရုံးမှာ ကြေညာထားမှ အုပ်ချုပ်ရေးမှူးအတွက်ကို စိတ်ဝင်စားတဲ့ ပါဝင် ဝင်ရောက်ယှဉ်ပြိုင်လိုတဲ့ပုဂ္ဂိုလ်များအတွက် ပွင့်လင်းမြင်သာစေရန် ဖြစ်ပါတယ်။ ဒုတိယ နောက် ဆွေးနွေးလိုတဲ့ပုဒ်မကတော့ အခန်း(၈)၊ ပုဒ်မ ၁၅ ဖြစ်ပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူး သည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါ အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လျှင် စုံစမ်းစစ်ဆေးရန် လိုအပ်ပါက အဖွဲ့ဖြင့် စုံစမ်းစစ်ဆေးမှုပြုပြီး ခရိုင်အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်း ပြုနိုင်သည်လို့ ပါ ပါတယ်။ အောက်ပါအချက်အလက်များ ဆိုရာတွင် တာဝန်မှ နုတ်ထွက်ခွင့်ပြုရန် တင်ပြချက်ကို လက်ခံရရှိခြင်း၊ အခန်း(၅)ပါ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ် များကို ဖောက်ဖျက်ခြင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်း၊ အခြားအရပ်ဒေသ တစ်ခုခုသို့ အမြဲတမ်းပြောင်းရွှေ့ခြင်း၊ ကွယ်လွန်ခြင်း၊ ဤဥပဒေအခန်း(၃)ပါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ အရည်အချင်းပျက်ယွင်းခြင်းဆိုပြီးတော့မှ ကျွန်တော်တို့ အချက်(၅)ခု ပါ ပါတယ်။

ဤနေရာတွင် ပုဒ်မခွဲ(ဆ) ဆိုပြီးတော့မှ ဤဥပဒေအခန်း(၇)ပါ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များ ပျက်ယွင်းကြောင်းကို ရပ်ကွက်တွင်းနေ အိမ်ထောင်စု (၃၀)ရာခိုင်နှုန်းက တိုင်ကြားခြင်းခံရခြင်း ဆိုတဲ့အချက်ကို ထည့်သွင်းလိုပါတယ်။ ဒီအချက်က ရပ်ကွက် ပုဒ်မ ၇ မှာရှိတဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ တာဝန်များသည် အိမ်ထောင်စုဇယား အသွင်းအထုတ် ပြုလုပ်ခြင်း၊ လယ်ယာမြေ၊ ချောင်းမြောင်းများမှာ ပိတ်ဆို့ခြင်းများကို အရေးယူဟန့်တားပေးခြင်း၊ ကျွန်တော်တို့ အများပြည်သူနဲ့ဆိုင်တဲ့နေရာတွေမှာ လောင်းကစားမပြုလုပ်ခြင်းဆိုတဲ့ အရာများမှာ တချို့သော အကြောင်းအရာများသည် အခုလက်ရှိမြေပြင်မှာ ဖြစ်နေတဲ့အနေအထားမျိုးပြောမယ် ဆိုရင် ကျွန်တော်တို့ အိမ်ထောင်စုတစ်ခုလုပ်ဖို့အတွက်၊ မှတ်ပုံတင်တစ်ခုလုပ်ဖို့အတွက် အုပ်ချုပ်ရေး မှူးက ရှောင်ရှားနေတဲ့အခါမှာ မသိတဲ့ ကျွန်တော်တို့ အုပ်ချုပ်ရေးမှူးက မသိကျိုးကျွံပြုနေတဲ့အခါမှာ

ကျေးရွာနေ ပြည်သူလူထုအတွက် ရပ်ကွက်နေ ပြည်သူလူထုအတွက် အခက်အခဲများစွာ ကြုံတွေ့ရပါတယ်။ ဤတာဝန်ကို မလစ်ဟင်းအောင် တာဝန်ကို ကျေပွန်စွာထမ်းဆောင်စေလိုတဲ့အတွက် ဤ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဆ)ကို ကျွန်တော်တို့ ဖြည့်သွင်းစေလိုကြောင်း လေးစားစွာ အကြံပြု ဆွေးနွေးအပ်ပါတယ် ခင်ဗျား။

နောက် အခန်း(၁၂)၊ ပုဒ်မ ၂၈ ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအတွက် အောက်ပါချီးမြှင့်ငွေကို သတ်မှတ်ပေးရမည် ဆိုပြီးတော့မှ ပုဒ်မခွဲ(က) လစဉ်ချီးမြှင့်ထောက်ပံ့ငွေ၊ ပုဒ်မခွဲ(ခ) သက်တမ်းကာလအပြည့် တာဝန်ကိုကျေပွန်စွာထမ်းဆောင်ပါက တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေ ဆိုတဲ့နေရာတွင် ပုဒ်မ ၂၈၊ ပုဒ်မခွဲ(က) နေရာတွင် လစဉ်ချီးမြှင့် ထောက်ပံ့ငွေအစား နိုင်ငံတော်မှ သတ်မှတ်ထားသည့် အခြေခံလစာထက်မနိမ့်သော လစဉ်ချီးမြှင့်ငွေနှင့် ရုံးသုံးစရိတ်လို့ အစားထိုးဖြည့်သွင်းစေလိုပါတယ်ခင်ဗျား။ အုပ်ချုပ်ရေးမှူး၏ လစာသည် နိုင်ငံတော်ကသတ်မှတ်တဲ့ အနိမ့်ဆုံး အခြေခံလစာလောက်တော့ ကျွန်တော်တို့ ဖြစ်သင့်ပါတယ်ခင်ဗျား။ ဘာကြောင့်လဲဆိုရင် ရပ်ရွာအုပ်ချုပ်ရေးစာရေးရဲ့လစာဟာ ကျွန်တော်တို့ အနိမ့်ဆုံး အငယ်တန်းစာရေးရဲ့လစာ ဖြစ်နေလို့ပါပဲ။ အခုလက်ရှိ အုပ်ချုပ်ရေးမှူးတွေ ချီးမြှင့်ထောက်ပံ့ငွေ ရနေတဲ့ဟာတွေဟာ ကျပ်(၇၀၀၀၀)နဲ့ ရုံးသုံးစရိတ်(၅၀၀၀၀)ဆိုပြီး ပေးတဲ့အခါကျတော့ ဒီအတွက်နဲ့ သူတို့ ရပ်ကျိုးရွာကျိုး ပြုလုပ်ဖို့အတွက် အခက်အခဲ ရှိနိုင်လို့ပါပဲ။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၅။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံသူ၊ နိုင်ငံသားများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား ကျွန်တော် လေ့လာတွေ့ရှိချက်နှင့် ကျွန်တော် တွေ့ကြုံခဲ့ရတဲ့အဖြစ်များအပေါ် အခြေခံပြီး ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး ဥပဒေကို ပြန်လည်လေ့လာကြည့်တဲ့အခါမှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး ဥပဒေကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်မှာ တတိယပုံမှန်အစည်းအဝေး ၂၄-၂-၂၀၁၂ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁/၂၀၁၂ ဖြင့် အတည်ပြု ပြဋ္ဌာန်းခဲ့ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဥပဒေကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ ပြည်ထောင်စုလွှတ်တော် ဥပဒေ

အမှတ် ၇/၂၀၁၂ ဖြင့် ပြင်ဆင်ပြဋ္ဌာန်းအတည်ပြုခဲ့ပြန်ပါတယ်။ ၎င်းဥပဒေပြဋ္ဌာန်းတဲ့ ပြင်ဆင်ခဲ့တာ တစ်လနှင့် လေးရက် အကြာမှာ ပြင်ဆင်ခဲ့သည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဥပဒေကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၂၃)ရက်မြောက်နေ့ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့သည်ကို အမျိုးသားလွှတ်တော်သို့ ဇန်နဝါရီလ ၅ ရက်နေ့မှာ ပြန်လည်လွှဲအပ်ပြီးတော့ အမျိုးသားလွှတ်တော်ကနေပြီးတော့ ၁၃-၁-၂၀၁၆ လွှတ်တော်နှစ်ရပ်စလုံး အတည်ပြုခဲ့တဲ့အတွက် လွှတ်တော်နှစ်ရပ်စလုံး အတည်ပြုခဲ့တာဖြစ်ပါတယ်။ သို့ပါ၍ ၂၀-၁-၂၀၁၆ ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၃/၂၀၁၆ ဖြင့် အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေက ရပ်ကျေးဥပဒေ ပုဒ်မ ၉ မှာ ပြည်သူ့လွှတ်တော်သက်တမ်းဟာ ပြောင်းပြီးတော့ နိုင်ငံတော်၏သမ္မတ၏ သက်တမ်းအတိုင်းဟု ပြင်ဆင်ခဲ့တဲ့အတွက် အဲဒီအချိန်မှာ ရက်က တော်တော်လေးနီးစပ်နေပါတယ်။ ရက်ပေါင်း (၂၀)လောက်ပဲ ကွာတဲ့အချိန်မှာ ကျွန်တော်တို့ ပြည်သူများဟာ သို့လောသို့လော အတွေးများနှင့် အဆင်မပြေ ဖြစ်ခဲ့ရပါတယ်။ ပြည်သူတွေ စိတ်ဝမ်းကွဲခဲ့ရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ဟာ ကျေးလက်နေ မိဘနှစ်ပါးမှ မွေးဖွားပြီးတော့ အခြေခံအထက်တန်းပညာ အထက်တန်းအောင်သည့်အထိ အရွယ်ရောက်သည့်အချိန်အထိ ကျေးလက်ဒေသမှာ ကျင်လည်ကျက်စားနေခဲ့ရသည့်အတွက် ကျေးလက်ဒေသနေ ပြည်သူများ၏ ရုန်းကန်လှုပ်ရှားခဲ့ရတဲ့ ဘဝအခြေအနေတွေ၊ သူတို့ရဲ့ စိတ်နေစိတ်ထားတွေ၊ အယူအဆတွေ၊ အစွဲအလမ်းတွေ အခြေခံပြီး ကိုယ့်ရပ်၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသ၊ ကိုယ့်ဆွေမျိုး ရှေ့တန်းတင် ဂုဏ်ယူပြောချင်ကြပါတယ်။ ဒီအထဲမှာ လူကြီးဖြစ်ချင်တဲ့ရောဂါလည်း ပါ ပါတယ်။

ဒါကြောင့်မို့လို့ မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရွေးပွဲများသည် ပြဿနာ ကြီးကြီးမားမား တိုင်တန်းသည်အထိ မဖြစ်ခဲ့ပေမယ့်လည်း ကျေးရွာအုပ်ချုပ်ရေးမှူးရွေးပွဲမှာတော့ ကျွန်တော်တို့ ပြည်သူများရဲ့ ဘဝ၊ ဆင်းရဲမွဲတေမှု ဖြစ်တဲ့အတွက်လည်းများတယ်။ ဆင်းရဲမွဲတေတာလည်း အဲဒီ အုပ်ချုပ်ရေးမှူးရွေးပွဲမှာ စိတ်ဝမ်းကွဲပြားကြလို့ မွဲတာထက်ဆိုးတာက စိတ်ဝမ်းကွဲတာက ပိုဆိုးပါတယ်။ ကျေးလက်နေပြည်သူများ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အရေးကြီးတယ်ဆိုတာ သိချင်မှသိပါလိမ့်မယ်။ စာအုပ်ထောင်ပြ မမြင်ဘူးတဲ့လူ၊ မဖတ်ဘူးတဲ့လူက များပါလိမ့်မယ်။ သို့သော်လည်းပဲ သူတို့မှာကတော့ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးကိစ္စကျတော့ တော်တော်များများ သိချင်ကြပါတယ်။ ပြီးခဲ့တဲ့ အုပ်ချုပ်ရေးမှူးရွေးပွဲ အစမကောင်းတော့ အနှောင်းမှာ စိတ်ဝမ်းကွဲ ကြရပါတယ်။ ပထမဦးဆုံး အုပ်ချုပ်ရေးမှူးက မြို့နယ်အုပ်ချုပ်ရေးမှူးကအစပြုပြီးတော့ သူကိုယ်တိုင် လည်းမလိုက်နိုင်၊ မြို့နယ်အဆင့်ပုဂ္ဂိုလ်များနှင့် ရပ်မိရပ်ဖတွေလွှဲပြီးတော့ စပြီးရပ်မိရပ်ဖ(၅)ဦးကို ကျွန်တော်တို့ ရွေးချယ်ရပါတယ်။ စရွေးကတည်းက ကျွန်တော်တို့က ရပ်မိရပ်ဖ(၅)ဦး ကျေးလက် ဒေသအရ လူတစ်ဦးက ဦးဖြူလို့ ထပြီးတော့ထောင်ပြလိုက်ရင် သူ့အဖွဲ့တွေက ရည်ရွယ်ထားတဲ့ ပုဂ္ဂိုလ်တွေက သူတို့က ထောက်ခံပါတယ်ဆိုရင် အဲဒီလူဟာ အတည်ဖြစ်သွားပါတယ်။ လူများများလည်း ပတ်ဝန်းကျင်လည်း ပြည်သူ

လည်းသိရှိအောင် မကြေညာ၊ မကြော်ငြာခဲ့တဲ့အတွက် ကျွန်တော်တို့မှာ ကျွန်တော်တို့ ပြည်သူတွေမှာ စိတ်ဒုက္ခ တော်တော်ရောက်ခဲ့ကြရပါတယ်။

ဒါကြောင့် အခန်း(၄)၊ ပုဒ်မ ၆ ရပ်မိရပ်ဖ(၅)ဦးကိုလည်း ကျွန်တော်တို့က ရွေးချယ်တဲ့အခါမှာ ကျေးရွာတွေအလိုက် အရည်အချင်းသတ်မှတ်ပြီးတော့ ရွေးချယ်ရင်ကောင်းမယ်လို့ ကျွန်တော် တင်ပြအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ ပုဒ်မ ၆ အရ နောက်ထပ်ကျေးရွာရဲ့ အထောက်အကူပြုအဖွဲ့တွေ၊ ဘာညာ ကျွန်တော်တို့ ကျေးရွာတွေ ဖွဲ့မယ်ဆိုရင်လည်း ဒီ(၅)ဦးဟာ အစဥ်သဖြင့် တည်မြဲနိုင်မှာ ဖြစ်လို့ပါပဲ။ နောက်တစ်ချက်ကတော့ အခန်း(၄)၊ ပုဒ်မ၇၊ ပုဒ်မခွဲ(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ အိမ်ခြေစာရင်းကို တစ်ဆက်တစ်စပ်တည်း အစဥ်အလိုက်ရယူ၍ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအလိုက် ဆယ်အိမ်စုအဖွဲ့များ ဖွဲ့စည်းရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ အဲဒီမှာ ကျွန်တော်တို့ မြို့ပေါ်ရပ်ကွက်များလိုပဲ အိမ်နံပါတ်ကို အစဥ်အလိုက် အတည်ပြုပြီး အစီအစဥ်အလိုက် ထိုးထားမယ်ဆိုရင် ကျေးရွာများမှာလည်း (၁)မှ (၁၀)၊ (၁၀)မှ (၂၀) ဆယ်အိမ်မှူးများကို ရွေးချယ်နိုင်ပါတယ်။ ဆယ်အိမ်စုမှူးဟာ ခေါင်းဆောင်သာလျှင် ပြောင်းချင်ပြောင်းမယ်။ အိမ်အမှတ်စဥ်ကတော့ အစဥ်တည်နေပါလိမ့်မယ်။ ဒါကြောင့်မို့လို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်မှုအလိုက် ဆယ်အိမ်မှူးစုများ ဖွဲ့စည်းရမည့်အစား ဖွဲ့စည်းထားရှိသော ဆယ်အိမ်စုများအပေါ် ဆယ်အိမ်စု၏ ဆယ်အိမ်စုမှူးများ ရွေးချယ်ရမည်ဟု ပြဋ္ဌာန်းသင့်ပါတယ်။

နောက်တစ်ချက်ကတော့ အခုလက်ရှိပြင်တဲ့ ၃၃(က)ပါ။ အဲဒီ ၃၃(က)မှာ ကျေးရွာအုပ်ချုပ်ရေးမှူးသည် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများအတွက် သက်ဆိုင်ရာ ဆယ်အိမ်မှူးများအနက် ပုဒ်မ ၇ အရ ရွေးချယ်ရာတွင် ဆန္ဒမဲအများဆုံးရရှိသူ သို့မဟုတ် ဆယ်အိမ်စုမှူးများ ညှိနှိုင်းရွေးချယ်သူကို ကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်ဟု ဆိုထားပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ပြီးခဲ့တဲ့ ရွေးချယ်ပွဲမှာ အုပ်ချုပ်ရေးမှူးတွေသာ ရွေးချယ်ပွဲပြီးလို့ ဧပြီ(၁)ရက်မှာစပြီး အုပ်ချုပ်တယ်။ ဒီကနေ့ဒီအချိန်အထိ တချို့ကျေးရွာတွေမှာ ရွာခွဲတာဝန်ခံ၊ ရွာခွဲအုပ်ချုပ်ရေးမှူး အခုအထိ မရွေးရသေးပါဘူးခင်ဗျ။ ရွာတွေမှာလည်း အဲဒီပြဿနာ သိပ်ကြီးကျယ်နေပါတယ်။ တချို့ရွာဆို ဥပမာတစ်ခု ကျွန်တော်တို့ မကွေးမြို့နယ်၊ ညောင်ကိုင်အုပ်စု၊ သံဘိုလေးရွာဆိုရင် တော်တော်ညီညွတ်တဲ့ရွာလေးပါ။ ကျွန်တော်တို့ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ဆယ်ပြားတန်ဆောင်းအလှူခံပြီး လူတစ်ယောက် ဆယ်ပြားတန်ဆောင်းနဲ့ ဆောက်ခဲ့သလိုပဲ အဲဒီရွာလေးဟာ တစ်အိမ်တစ်ဇွန်းဆန်နဲ့ အလှူခံ၊ ရွာထဲက မကျန်းမာသူတွေကို ဆေးကုသပေးတဲ့ သိပ်ညီညွတ်တဲ့ ရွာကလေးပါ။ အဲဒီ အုပ်ချုပ်ရေးမှူး ရွေးပွဲကျမှ ဒီကနေ့အထိ အုပ်ချုပ်ရေးမှူးလည်း မခန့်ရသေးဘူး။ နောက် ကျွန်တော်တို့ ကျေးရွာအုပ်ချုပ်ရေးမှူးက သူကြိုက်တာ ခန့်ချင်တယ်။ ဒါပေမယ်လို့ ကျေးရွာခွဲက အဲဒီလူကို မကြိုက်ဘူး။ အဲဒီတော့ တစ်ရွာလုံးဟာ စိတ်ဝမ်းကွဲကြရော၊ ဒါကြောင့် ဥပဒေက ပြတ်ပြတ်သားသား၊ တိတိကျကျ မပြဋ္ဌာန်းခဲ့လို့ တွေ့ရှိရပါတယ်။ ဒါကြောင့် ရွာခွဲအုပ်ချုပ်ရေးမှူးများကိုလည်း အများဆန္ဒအရ ရွာရဲ့ မဲစနစ်နဲ့သာ ရွေးချယ်ပေးသင့်တယ်လို့ ကျွန်တော် တင်ပြ ဆွေးနွေးချင်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေဖြင့် နောက်ဆုံး တင်ပြပြောကြားလိုတာကတော့ လွှတ်တော်ပထမအကြိမ် သက်တမ်းမှာ ဥပဒေပြဋ္ဌာန်းချက်များကို အခြေခံပြီး ကျွန်တော်တို့ ပြည်သူလူထုအတွက် အကာအကွယ်ပေးမည့်

လိုအပ်နေတဲ့ဥပဒေကို ပြဌာန်းတဲ့အခါမှာ ထိရောက်ရမယ်၊ ခိုင်မာရမယ်၊ ပြည့်စုံရမယ်၊ ရှင်းလင်းပြတ်သားရမယ်လို့ ကျွန်တော်တို့ လက်ရှိအသုံးပြုနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက ရည်ညွှန်းပြီး ပြဌာန်းသလိုပါပဲ။ ကျွန်တော်တို့ရဲ့ ပြည်သူ့ခေါင်းဆောင်၊ လူထုခေါင်းဆောင် ဦးဆောင်သော အဖွဲ့အစည်းများကလည်း ရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးကို ရှေးရှုပြီးသွားနေရသကဲ့သို့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကလည်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေအား ပြည်သူတွေ အဓိကအားဖြင့် ကျေးလက်နေ ပြည်သူတွေအတွက် စိတ်ဝမ်းမကွဲစေသော၊ ညီညွတ်မှုဖြစ်စေသော စိတ်ချမ်းသာမှုကို ရရှိစေမည့် ဥပဒေတစ်ရပ်ဖြစ်တည်ရန် ဆောင်ရွက်ကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၄။**

**ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ မင်္ဂလာနံနက်ခင်းပါရှင်။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ မြန်မာပြည်သူပြည်သားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး အမှတ်(၃) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ် ပဲ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အမျိုးသားလွှတ်တော်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများကော်မတီမှ တင်သွင်းလာတဲ့ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်သော်လည်းကောင်း၊ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက တင်ပို့လာတဲ့ ပြင်ဆင်ချက်နှင့်ပတ်သက် ပြီးတော့လည်းကောင်း ထောက်ခံဆွေးနွေး ဖြည့်စွက်အကြံပြု တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ နိုင်ငံဟာ ပထဝီအနေအထား၊ တိုင်းရင်းသား၊ ဘာသာဓလေ့၊ ကိုးကွယ်ယုံကြည်မှုတွေ အမျိုးမျိုးနဲ့ တည်ရှိနေတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့်မတူညီမှု၊ ကွဲပြားမှုတွေထဲကနေပြီး လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုတွေနဲ့ အစဉ်လက်တွဲနေထိုင်နိုင်တဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်နိုင်ဖို့ ပန်းတိုင်ချမှတ်ပြီးတော့ ကျွန်မတို့အားလုံး လက်တွဲဆောင်ရွက်နေတဲ့အချိန် ဖြစ်ပါတယ်။ ဒီနေရာမှာ ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်တဲ့ ဒေသန္တရ အုပ်ချုပ်ရေးစနစ် ပေါ်ထွန်းလာဖို့ အလွန်ပဲ အရေးကြီးပါတယ်။ ဥပမာ ကျွန်မတို့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ကမ္ဘောဒီယား နိုင်ငံဟာဆိုရင် အရင်တုန်းကဆို ကျွန်မတို့နိုင်ငံထက် GDP မှာ နောက်မှာရှိပါတယ်။ ဒါပေမဲ့ အခုအချိန်မှာ သူတို့ ကျော်ဖြတ်သွားပါပြီ။ အဲဒါဘာကြောင့်လဲဆိုရင် သူတို့နိုင်ငံမှာ ဒီအထွေထွေရွေးကောက်ပွဲအပြင် ဒေသန္တရရွေးကောက်ပွဲတွေ ကျင်းပပြီးတော့ ဒေသန္တရအုပ်ချုပ်ရေးနဲ့ ဒေသန္တရအစိုးရကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လာနိုင်တာလည်း အကြောင်းအရာတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးတွေဟာ ဒေသန္တရ

အုပ်ချုပ်ရေးအတွက် အခြေခံကျပြီးတော့ အစိုးရနှင့်ပြည်သူ ရပ်ကျေးပြည်သူတွေကြားထဲမှာ အဓိက ချိတ်ဆက်ပေးတဲ့သူတွေပဲ ဖြစ်ပါတယ်။

အုပ်ချုပ်ရေးကဏ္ဍမှာဆိုရင်လည်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးတွေ စုစုပေါင်း တစ်သောင်းခြောက်ထောင်ကျော်ဟာ အရည်အတွက်အများဆုံးနဲ့ ဒေသန္တရဖွံ့ဖြိုးရေးနဲ့ နိုင်ငံသားတွေရဲ့အကျိုးစီးပွားအတွက် သော့ချက်ကျတဲ့နေရာကနေ ကိုယ်စားပြုနေရသူတွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခု တတိယအကြိမ်ပြင်ဆင်လိုက်တဲ့ ဥပဒေကြမ်းဟာ ပိုမိုကောင်းမွန်ပြီးတော့ ဒီမိုကရေစီ စံနှုန်းတွေနဲ့အပြင် လက်ရှိလိုအပ်နေတဲ့အခြေအနေတွေနဲ့ ကိုက်ညီနေတာကြောင့်မို့လို့ ကျွန်မအနေနဲ့ တော့ ဒီပြင်ဆင်ချက်ကို အပြည့်အဝ ကြိုဆိုထောက်ခံပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ ဆက်လက်ပြီး ဒီဥပဒေမှာ ထပ်မံပြင်ဆင် ဖြည့်စွက်သင့်တဲ့ ပုဒ်မ၊ အပိုဒ်ခွဲတွေကို ဆက်လက်တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒါကို ကျွန်မ အခြေခံပြီးတော့ ကျား/မ တန်းတူညီမျှရေး၊ ရှိရေးကိုလည်းအခြေခံပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်ရှင့်။ ကျွန်မတို့ ဒီ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီကနေပြီးတော့မှ ပြင်ဆင်လာတဲ့ အခန်း(၄)၊ ပုဒ်မ ၇၊ အပိုဒ်ခွဲ(စ)၊ ပုဒ်မခွဲ(င)အရ ပြုစုထားတဲ့ အမည်စာရင်းပါ ပုဂ္ဂိုလ်များအနက်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦးကို အိမ်ထောင်စုတစ်စုစီမှာ အိမ်ထောင်ဦးစီး သို့မဟုတ် အသက် (၁၈)နှစ် ပြည့်ပြီးသူ အိမ်ထောင်စုဝင်တစ်ဦးက လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်ရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်မှာ ကျွန်မအနေနဲ့ကတော့ ဒီ အိမ်ထောင်ဦးစီး သို့မဟုတ် အသက်(၁၈)နှစ် ပြည့်ပြီးသူဟာ အတူတူ သဘောထားသက်ရောက်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မအနေနဲ့ကတော့ ကျား/မ တန်းတူညီမျှရေးကို လည်း ရှေးရှုပြီးတော့မှ အိမ်ထောင်ဦးစီးဆိုတာကို ဖြုတ်ပြီးတော့ အသက် (၁၈)နှစ်ပြည့်ပြီးသူ ကျား/မ မရွေး အိမ်ထောင်စု ကိုယ်စားလှယ်တစ်ဦးလို့ ပြင်ဆင်ချင်ပါတယ်။

နောက်ထပ် ကျွန်မပြင်ချင်တဲ့ ဥပဒေတစ်ခုရှိပါတယ်။ အဲဒါကတော့ ဒီအခန်း(၄)၊ ပုဒ်မ (၆) ဖြစ်ပါတယ်။ ခုနတုန်းကတင်ပြသွားသလိုပဲ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ယင်းတာဝန်ကို ထမ်းဆောင်ရန် ဆန္ဒရှိသည့်အပြင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများက ရွေးချယ်ပေးသော ရပ်မိရပ်ဖ(၅)ဦးဖြင့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမယ်ဆိုတဲ့နေရာမှာ ကျွန်မအနေနဲ့တော့ ဒီနေရာမှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း အသက် (၁၈)နှစ် ပြည့်ပြီးသော နေထိုင်သူများက ကျား/မ မရွေး ရွေးချယ်ပေးသော ရပ်မိရပ်ဖ (၅)ဦးဖြင့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးရမယ်လို့ ပြင်ဆင်ချင်ပါတယ်။ အဲဒါ ဘာကြောင့်လဲဆိုတော့ ကျွန်မအနေနဲ့ ကျိုးကြောင်းဖော်ပြချင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ နိုင်ငံဟာ ၁၉၉၇ ခုနှစ် ကတည်းက အမျိုးသမီးများကနည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် CEDAW Convention on the Elimination of All Forms of Discrimination Against Women (CEDAW) နဲ့ ဘေဂျင်း ကြေညာစာတန်းနဲ့ လုပ်ငန်းစီမံချက်များ Beijing Declaration and Platform for Action ကို သဘောတူ လက်မှတ်ရေးထိုးဖို့ ဖြစ်ပါတယ်။ ဒီစာချုပ်တွေအရဆိုလို့ရှိရင် အမျိုးသမီးတွေကို ဆုံးဖြတ်ချက် ချမှတ်တဲ့နေရာတွေမှာ အနည်းဆုံး (၃၀)ရာခိုင်နှုန်း ပါဝင်ဖို့ သတ်မှတ်ထားတာ ဖြစ်ပါတယ်။

ဒီစာချုပ်တွေအရ မြန်မာနိုင်ငံအနေနဲ့ ကျား/မ ခွဲခြားမှုရပ်တန့်သွားစေဖို့နဲ့ လူမှုဘဝတွေမှာ အမျိုးသမီး တွေရဲ့ပါဝင်မှု မြှင့်တင်ဆောင်ရွက်ပေးရန် ပူးပေါင်းပါဝင်မယ်လို့ ကတိပြုထားပါတယ်။ အမျိုးသမီးတွေ အနေနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ယဉ်ကျေးမှုဆိုင်ရာ ဆုံးဖြတ်ချက်များအား တန်းတူအပြည့်အဝ ချမှတ်ပိုင်ခွင့်ရှိရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့လည်း မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီနဲ့ လူမှုဝန်ထမ်းဦးစီးဌာနကနေပြီးတော့ ၂၀၁၃ ခုနှစ်မှာ အတည်ပြုပြီးတော့မှ ရေးဆွဲထားတဲ့ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ၊ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ၂၀၁၃-၂၀၂၂ ကို ချမှတ်ခဲ့ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီစီမံကိန်းဟာ အမျိုးသမီးများ အနေနဲ့ အလွှာအသီးသီးမှာ ဦးဆောင်မှု ဆုံးဖြတ်ချက်ချတဲ့ ကဏ္ဍတွေမှာ တန်းတူအခွင့်အရေးရရှိရေး အတွက် စနစ်များ၊ ဖွဲ့စည်းပုံများ၊ ဥပဒေများနဲ့ လုပ်ထုံးလုပ်နည်းများကို ပိုမိုကောင်းမွန်အောင် ပြင်ဆင် ရမှာဖြစ်တယ်လို့ ရေးသားထားပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)၊ ပုဒ်မ ၃၄၇၊ ၃၄၈ တို့မှာလည်း တန်းတူအခွင့်အရေးနဲ့ ခွဲခြားမှု မရှိရေးတို့ကို ဖော်ပြထားပြီး ပုဒ်မ ၃၄၉ မှာ ပြည်သူ့ဝန်ထမ်း တာဝန်ထမ်းဆောင်မှုတွေမှာ တူညီသောအခွင့်အရေးရှိရမယ်လို့ ဖော်ပြထားပါတယ်။ ဒါပေမယ်လို့ ပြီးခဲ့တဲ့ ၂၀၁၃ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲတွေမှာ ခန့်အပ်ထားတဲ့ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးတွေ ကြည့်လိုက် မယ်ဆို (၁၆၇၈၅)ဦးအနက်မှာ အမျိုးသမီးရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူး (၄၂) ဦးသာ ခန့်အပ်နိုင်ခဲ့ ပါတယ်။ ဒါဟာဆိုလို့ရှိရင် ရာခိုင်နှုန်းအနေနဲ့ ကြည့်မယ်ဆိုရင်(၀.၂၅)ရာခိုင်နှုန်း ဖြစ်ပါတယ်။ ပတ်ဝန်းကျင်နဲ့ အိမ်နီးချင်းနိုင်ငံ တွေမှာဆိုလို့ရှိရင် ဒီရာနှုန်းထက် အများကြီးများပါတယ်။ ဥပမာ အင်ဒိုနီးရှားနိုင်ငံမှာ ဆိုလို့ရှိရင် အမျိုးသမီးအရေအတွက် (၃၀)ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံမှာဆိုလို့ရှိရင် ကိုယ်စားလှယ် အနည်းဆုံး သုံးပုံတစ်ပုံဟာ အမျိုးသမီးတွေ ဖြစ်ရပါမယ်။ ဒီ အရှေ့တီမောမှာ ဆိုလို့ရှိရင် လည်း ဒေသကောင်စီတိုင်းမှာ အမျိုးသမီးဦးရေအနည်းဆုံး သုံးပုံတစ်ပုံရှိရပါမယ်။ အိန္ဒိယလိုနိုင်ငံမျိုးမှာ တောင်မှ ကျေးရွာအုပ်ချုပ်ရေး ဒေသန္တရအုပ်ချုပ်ရေးမှာ အမျိုးသမီး (၄၀)ရာခိုင်နှုန်း ပါ ပါတယ်။ ဒါကြောင့်မို့လို့ ခုနတုန်းက ကျွန်မ တင်ပြထားတဲ့နေရာမှာ ကျွန်မတို့ ရာခိုင်နှုန်းအပြည့်နဲ့ မပြောနိုင် ရင်တောင်၊ သတ်မှတ်နိုင်ရင်တောင် ဥပဒေမှာ ကျား/မ မရွေးဆိုပြီး သတ်မှတ်မှသာ ကျွန်မတို့ရဲ့ ရိုးရာဓလေ့ ထုံးတမ်းစဥ်လာအရ အမျိုးသားကိုသာ ဦးစားပေးတဲ့ ရွေးချယ်မှုတွေကို ကျွန်မတို့ ပယ်ဖျက် ပြီးတော့ အမျိုးသမီး တွေကို ကျေးရွာအုပ်ချုပ်ရေးမှူးတွေအနေနဲ့ ပိုပြီးတော့ ခန့်အပ်နိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ ထပ်မံအသစ်ဖြည့်စွက်လိုတဲ့ ပုဒ်မကတော့ အခန်း(၁၁)၊ ပြစ်မှုနှင့် ပြစ်ဒဏ်ဆိုင်ရာ ပုဒ်မဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်မအနေနဲ့ ဖြစ်နိုင်မယ်ဆိုရင် ပုဒ်မအသစ်တစ်ခု ထည့်ချင်ပါတယ်။ ကျွန်မထည့်ချင်တဲ့ပုဒ်မကတော့ ပုဒ်မ ၂၈၊ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူးတစ်ဦးသည် အခန်း(၅)၊ အခန်း(၆)၊ အခန်း(၇)ပါ ဥပဒေပြဋ္ဌာန်းချက်ပါ တာဝန်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် ကျပ်ငါးသောင်းထက်မပိုသော ဒဏ်ငွေဖြစ်စေ၊ (၆)လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်(၂)ရပ်လုံးကိုဖြစ်စေ သက်ဆိုင်ရာတရားရုံးက ချမှတ်ရ မယ်လို့ ကျွန်မအနေနဲ့ ပုဒ်မအသစ် ဖြည့်စွက်ချင်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ လက်ရှိဥပဒေဟာ ရပ်/ကျေးပြည်သူတွေ တာဝန်ပျက်ကွက်ရင် ကျခံရမယ့် ပြစ်ဒဏ်ကိုပဲ သတ်မှတ်ထား ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးတွေအနေနဲ့ ရပ်ကွက် ကျေးရွာနေ ပြည်သူတွေကို

တရားမဲ့ပြုကျင့်မှု၊ ဥပဒေကို ကျော်လွန်ကျင့်သုံးမှု၊ မလျော်ဩဇာသုံးစွဲမှုတွေကို တရားစွဲဆို ပြစ်ဒဏ်ပေးသင့်ပါတယ်။ မတရားမှုပြုကျင့်ခံရတဲ့ ရပ်ကွက် ကျေးရွာနေ ပြည်သူတွေက တရားစွဲဆိုခွင့်ကို မည့်သူထံကမှ တောင်းခံစရာမလိုပဲ တရားဥပဒေအရ တရားစွဲဆိုနိုင်ခွင့် ရှိရမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ ဒီနေရာမှာ ထပ်မံပြီးတော့မှ ပုဒ်မအသစ်ထည့်ပြီးတော့ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ အခန်း(၁၄) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစာရင်းနဲ့ ပတ်သက်တဲ့ ပုဒ်မခွဲ (စ)ပါ ထပ်ဖြည့်ချင်ပါတယ်။ ပုဒ်မခွဲ (စ)ကို ကျွန်မအနေနဲ့ ထပ်ဖြည့်ချင်တာကတော့ မိမိရဲ့လုပ်ငန်းဆောင်ရွက်မှုနဲ့ မှတ်တမ်းများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ ပုံမှန်နဲ့ အချိန်မီ တင်ပြအစီရင်ခံပြီး လိုအပ်သည့် လမ်းညွှန်ကြီးကြပ်မှုများ၊ တာဝန်ယူ၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်ခြင်းဆိုပြီး ထပ်ဖြည့်ချင်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ ဥပဒေအရ ရပ်ကွက်/ကျေးရွာ စာရေးတွေဟာ ရပ်ကွက်/ကျေးရွာအုပ်စုများနဲ့ သက်ဆိုင်တဲ့ စာရင်းမှတ်တမ်းတွေကို စနစ်တကျပြုစုရမယ့် တာဝန်ရှိပါတယ်။ ဒါပေမယ်လို့ လက်တွေ့မှာ အဲဒီ စာရင်းဇယားတွေကို စနစ်တကျ ပြုစုမှတ်တမ်းထားမှု အားနည်းနေတာကို ကျွန်မတို့ တွေ့ရှိရပါတယ်။ အဲဒီအပြင် တချို့အရေးကြီးတဲ့ကိစ္စတွေမှာ ရပ်ကွက်/ကျေးရွာစာရေးတွေဟာ သူတို့ရဲ့တာဝန်ဝတ္တရားနဲ့ ကျော်လွန်ပြီးတော့ မလျော်ဩဇာသုံးပြီးတော့မှ တိုက်ရိုက်ပါဝင်ပတ်သက်နေတာကို တွေ့ရပါတယ်။ ဥပမာ ကျေးရွာမြေတွေကို ရောင်းချတဲ့ကိစ္စတွေ၊ နောက်တစ်ခါမှာ ရပ်ကွက်နေ၊ ကျေးရွာနေပြည်သူများဆီကနေပြီးတော့ ငွေကြေးကောက်ခံတဲ့ကိစ္စတွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူတို့ရဲ့တာဝန်တွေကို တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာ ဆောင်ရွက်နိုင်ဖို့ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးက ကြီးကြပ်လမ်းညွှန်စစ်ဆေးရမှာ ဖြစ်ပါတယ်။ ဒါမှသာ နိုင်ငံရဲ့အခြေခံအကျဆုံး စာရင်းဇယားတွေ မှန်မှန်ကန်ကန် ရရှိပြီးတော့ နိုင်ငံသားများ ပိုင်ဆိုင်သော အရင်းအမြစ်နဲ့ အကျိုးစီးပွားတွေကို ထိရောက်စွာ စီမံခန့်ခွဲနိုင်မှာ ဖြစ်ပါတယ်။

ကျွန်မအနေနဲ့ နောက်ဆုံးထပ်မံပြီးတော့ ဖြည့်စွက်ချင်တာကတော့ ကျွန်မတို့ အပိုဒ် ဒီအခန်း (၃)ပေါ့။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အရည်အချင်း အပိုဒ် ၅၊ ပုဒ်မခွဲ(ဇ)မှာ ကျန်းမာရေးကောင်းမွန်ပြီးတော့ဆိုတာကို ပယ်ဖျက်ပြီးတော့ ပေးအပ်တဲ့တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ခြင်းဆိုတာကို ပြင်ဆင်လိုပါတယ်။ ဒါ ဘာကြောင့်လဲဆိုတော့ ပေးအပ်တဲ့တာဝန်ကို ထမ်းဆောင်နိုင်သူဆိုရင် ကျန်းမာရေးကောင်းမွန်ပြီးသားဆိုတာ အလိုအလျောက် နားလည်ပြီးဖြစ်ပါတယ်။ နောက် ကျန်းမာရေးကောင်းမွန်မှုကို ထည့်မယ်ဆိုရင် ကျွန်မတို့ မသန်စွမ်းတွေကို ခွဲခြားမှုပြုရာလည်း ရောက်တဲ့အတွက်ကြောင့် ကျွန်မတို့သည် ဒီအားလုံး တန်းတူညီမျှမှု အခွင့်အရေးဆိုတဲ့အတိုင်းပေါ့။ ကျွန်မတို့ ဒီ ကျန်းမာရေးကောင်းမွန်တာကို ဖြုတ်ပြီးတော့ ပေးအပ်တဲ့တာဝန်ကို ထမ်းဆောင်နိုင်သူဖြစ်ခြင်းဆိုတာဆို လုံလောက်တယ်ဆိုတာကို ပြင်ဆင်လိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ ၁၁း၄၅ မိနစ်မှာ အစည်းအဝေး ပြန်လည်စတင်မှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၄၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်ပါတော့မှာဖြစ်ပါတယ် ခင်ဗျား။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဆွေးနွေးခြင်း အစီအစဉ် ပြန်လည် စတင်ပါမယ်။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးထွန်းအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၀။**

**ဗိုလ်မှူး မျိုးထွန်းအောင်၊ တပ်မတော်သားကိုယ်စားလှယ်။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၃၁၃၁၄ ဗိုလ်မှူးမျိုးထွန်းအောင် ဖြစ်ပါတယ်ခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အဆိုပြုဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်၏ တင်ပြမှုအား Power Point ဖြင့် တင်ပြခွင့်ပြုနိုင်ပါရန်နှင့် မိနစ်အနည်းငယ် ထပ်မံခွင့်ပြုပေးနိုင်ပါရန် ကြိုတင်ခွင့်ပြုချက်တောင်းခံအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းပါ ပယ်ဖျက်လိုသည့် ပုဒ်မ (၃) ခု၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၁၇ နှင့် ပုဒ်မ ၂၇ ပါ ပုဒ်မ ၁၇ တို့သည် ဧည့်စာရင်း တိုင်ကြားနှင့် စပ်လျဉ်းတဲ့ ပုဒ်မများဖြစ်ပြီး မူလတိုင်းထားရှိသင့်ပါကြောင်း ကျိုးကြောင်းဖော်ပြချက်များအား သဘောတရားတူညီသည့်အတွက် တစ်ပေါင်းတည်း တင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေမှာ အခန်း (၁၅) ခန်း၊ ပုဒ်မပေါင်း (၃၇) ခုဖြင့်

မြို့များအက်ဥပဒေ ၁၉၀၇ ခုနှစ်နှင့် ကျေးရွာအက်ဥပဒေ ၁၉၀၇ ခုနှစ်တို့အား ရုပ်သိမ်း၍ ခေတ်စနစ်နှင့်အညီ ပေါ်ပေါက်လာသည့် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁/၂၀၁၂ ဖြစ်ပါတယ်ခင်ဗျား။ ဒီဥပဒေကို ၂၀၁၂ ခုနှစ်မှာ တစ်ကြိမ်၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှာ တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် ပြင်ဆင်ပြီးတဲ့ ဥပဒေဖြစ်ပြီး ပြင်ဆင်သည့်ဥပဒေနှစ်ကြိမ်မှာ ဒီပုဒ်မ (၃)ခုကို ပယ်ဖျက်ခြင်း မပြုခဲ့တာတွေ့ ရှိခဲ့ရပါတယ်ခင်ဗျား။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ မူလဥပဒေမှာ ဖော်ပြပါအတိုင်း အခန်း ၇၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဆ) မှာ အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ညဥ့်အိပ်ညဥ့်နေ လာရောက်တည်းခိုသော ဧည့်သည်များအတွက် ဧည့်စာရင်းတိုင်ကြားခြင်းကို လက်ခံခြင်း၊ ခွင့်ပြုခြင်း၊ ဧည့်စာရင်းတိုင်ကြားရန် ပျက်ကွက်လျှင် အရေးယူခြင်းဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ ပြင်ဆင်သည့် ဥပဒေကြမ်းမှာ ပယ်ဖျက်ထားပြီးတော့ မိမိ၏အဆိုပြုတင်ပြချက်အနေနဲ့ မူလအတိုင်းသာ ထားရှိသင့်ပါကြောင်း ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ မူလတည်ဆဲဥပဒေမှာ ဖော်ပြပါအတိုင်း အခန်း ၉၊ ပုမ်မ ၁၇ မှာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အောက်ပါကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ သတ်မှတ်ချက်များနှင့်အညီ တိုင်ကြားရမည်။ အပိုဒ်ခွဲ (က) အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုခုတွင် နေထိုင်ပြီး မိမိအိမ်ထောင်စုစာရင်းဝင် မဟုတ်သူက ညဥ့်အိပ်ညဥ့်နေ ဧည့်သည်အဖြစ် လာရောက်တည်းခိုခြင်း၊ အပိုဒ်ခွဲ (ခ) မိမိထံလာရောက် တည်းခိုသော ဧည့်သည်ပြန်လည်ထွက်ခွာသွားခြင်း ဟူ၍ပြဋ္ဌာန်းထားပြီး ပြင်ဆင်သည့် ဥပဒေကြမ်းမှာ ပယ်ဖျက်ထားပါတယ်။ မိမိ၏ အဆိုပြုတင်ပြချက်အနေနဲ့ မူလအတိုင်းသာ ထားရှိသင့်ပါကြောင်း ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ မူလတည်ဆဲဥပဒေမှာ ဖော်ပြပါအတိုင်း အခန်း (၁၁)၊ ပုဒ်မ ၂၇ မှာ မည်သူမဆို ပုဒ်မ ၁၇၊ ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉ ပါ တာဝန်ကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကိုကျပ် ၅၀၀၀ ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက (၇) ရက်ထက်မပိုသော ထောင်ဒဏ်ကျခံစေရန် သက်ဆိုင်ရာ တရားရုံးက ချမှတ်ရမည်ဟူ၍ ပြဋ္ဌာန်းထားပါတယ်။ ပြင်ဆင်သည့် ဥပဒေကြမ်းမှာ ပုဒ်မ ၂၇ စာပိုဒ်ပါ၊ ပုဒ်မ ၁၇ ဆိုသည့်စကားရပ်ကို ပယ်ဖျက်ထားပြီး မိမိ၏ အဆိုပြုတင်ပြချက်အနေနဲ့ မူလအတိုင်းထားရှိသင့်ပါကြောင်း ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး (၇)ခု၊ ပြည်နယ် (၇) ပြည်နယ်တို့ဖြင့် ဖွဲ့စည်းထားပြီး ခရိုင် (၆၀) ခု၊ မြို့နယ်ပေါင်း (၃၃၀)မြို့နယ်နဲ့ ကျေးရွာပေါင်း (၆၄၉၁၇)ရွာနဲ့ အဆင့်ဆင့်ဖွဲ့စည်း ထားရှိပါတယ်။ မြန်မာနိုင်ငံရဲ့ မည်သည့်ဒေသတွင် နေထိုင်တဲ့ မည်သည့် တိုင်းရင်းသား နိုင်ငံသားစစ်စစ်ပင်ဖြစ်ပါစေ ဖော်ပြပါ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာများသို့ လွတ်လပ်စွာ ဥပဒေနှင့်အညီ သွားလာခွင့်ရှိပါတယ်ခင်ဗျား။ ဥပဒေနှင့် အညီသာလျှင်လည်း သွားလာခွင့် ပြုသင့်ပါတယ်ခင်ဗျား။ မကြာသေးခင် လပိုင်း၊ နှစ်ပိုင်း အတွင်းက အနောက်နိုင်ငံအချို့မှာ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်တိုက်ခိုက်မှု အချို့မှာ ရွှေ့ပြောင်းဒုက္ခသည် အယောင်ဆောင် အကြမ်းဖက်သမားများ ပါဝင်နေမှုများ၊ မိမိတို့ မြန်မာနိုင်ငံက မူးယစ်ဆေးဝါးနှင့်

လက်နက်မှောင်ခိုများ အကြီးအကျယ်ဖမ်းဆီး ရမိခဲ့မှုများ၊ ပြင်ဦးလွင်မြို့မှာ အိမ်နီးချင်းနိုင်ငံက နိုင်ငံခြားသားများ ရောက်ရှိ နေတဲ့နေအိမ်မှာ ပေါက်ကွဲမှုဖြစ်စဉ်များ စတဲ့ မိမိတို့နိုင်ငံရဲ့လက်ရှိ ဖြစ်ပွားနေတဲ့ အခြေအနေများ၊ ကမ္ဘာ့နိုင်ငံများ၏အခြေအနေများအရတရားမဝင်ခိုးဝင် ရွှေ့ပြောင်း သွားလာသူများပြဿနာ၊ ဒုက္ခသည်အယောင်ဆောင် အစွန်းရောက်အဖွဲ့စည်းများ ပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာ၊ လက်နက်မှောင်ခို ရောင်းဝယ်သယ်ယူမှု ပြဿနာ စသည်တို့အား အချိန်မီ သိရှိကာကွယ်နိုင်ရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် နယ်စပ်ဒေသများ၌ သာမက ပြည်တွင်းမှာရှိတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာများကို နည်းအမျိုးမျိုးနဲ့ စိမ့်ဝင်ရောက်ရှိနေနိုင်တဲ့ စိမ့်ဝင်၊ လူမှောင်ခို၊ ပစ္စည်းမှောင်ခို၊ မူးယစ်ဆေးဝါးမှောင်ခို၊ လက်နက် ပစ္စည်းမှောင်ခိုတို့ကို အချိန်မီဖော်ထုတ် သိရှိနိုင်ရေး အတွက်တရားဝင် ရောက်ရှိ၊ ထွက်ခွာမှု၊ သွားလာ မှုအား သိရှိနိုင်ရန် ဧည့်စာရင်းတိုင်ကြားစေခြင်း (Register) ပြုလုပ်စေခြင်းသာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တရားမဝင် လက်နက် ခဲယမ်းနှင့် မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှု ဖြစ်စဉ်အချို့ကို ထုတ်နုတ်တင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဖော်ပြပါအတိုင်း ၂၀၁၁ ခုနှစ် မှ ၂၀၁၆ ခုနှစ်၊ မတ်လအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုအနေနဲ့ အကြိမ်ပေါင်း (၁၂၉၇၁) ကြိမ်မှာ ဖမ်းဆီးရမိမှု စုစုပေါင်းကျပ် (၇၉၃.၄၂) ဘီလီယံ ရှိခဲ့ပါတယ်ခင်ဗျား။ ဖော်ပြပါအတိုင်း ၂၀၁၁ ခုနှစ် မှ ၂၀၁၄ ခုနှစ်အတွင်း လက်နက်ခဲယမ်းနှင့် မူးယစ်ဆေးဝါး ဖမ်းဆီး ရမိမှု ဖြစ်စဉ်အချို့ ထုတ်နုတ်တင်ပြပါလျှင် ဖမ်းဆီးရမိမှုအကြိမ် စုစုပေါင်း (၄၀) မှာ လက်နက်မျိုးစုံ (၁၄၅) လက်၊ ကျည်မျိုးစုံ (၆၆၅၃) တောင့်၊ ကျည်အိမ်မျိုးစုံ (၂၁၃) ခုနှင့် မိုင်းမျိုးစုံ (၁၆) ခု၊ ယမ်း (၇၂၅) ပိဿာ တို့ဖြစ်ပါတယ်။ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုအနေနဲ့ ဆေးပြားမျိုးစုံ (၃၄၉၇၅၄)ပြား၊ ဘိန်းဖြူ (၂၀.၃)ကီလို၊ ဘိန်းစိမ်း (၁၆.၆၄) ကီလိုနဲ့ တန်ဖိုးခန့်မှန်းတန်ဖိုးသင့်ငွေ (၆၃၉၃၅၉၅၀) ကျပ် ဖြစ်ပါတယ်။ သိမ်းဆည်းရမိငွေအနေနဲ့ (၄၂၃၇၂၂၅) ကျပ်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဒါ ကျွန်တော်တို့ ဖော်ပြပါပုံကတော့ မင်္ဂလာဒုံမြို့နယ်မှာ ကားအစီးလိုက် ဖမ်းဆီးရမိခဲ့တဲ့ မူးယစ်ဆေးဝါးနဲ့ ဆက်စပ်ပစ္စည်းများဖြစ်ပြီး၊ သတင်းဆက်စပ်ဖော်ထုတ်ချက်များအရ ရခိုင်ပြည်နယ်မှာ ဖော်ထုတ်ဖမ်းဆီးရမိခဲ့တဲ့ လက်နက်ခဲယမ်းနဲ့ ပေါက်ကွဲပစ္စည်းများပဲ ဖြစ်ပါတယ်။ ဖော်ပြပါ လက်နက် ခဲယမ်းနဲ့ ပေါက်ကွဲစေတတ်တဲ့ ပစ္စည်းများကို ဖမ်းဆီးရမိခြင်းမရှိခဲ့ဘဲ ပေါက်ကွဲမှုဖြစ်စဉ်များပေါ်ပေါက် လာပါက ပြည်သူလူထုအနေနဲ့ ဝမ်းနည်းဖွယ်ရာဖြစ်စဉ်များ ပေါ်ပေါက်လာနိုင်တာကို အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကိုယ်စားလှယ်တော်ကြီးများအား သုံးသပ်သင့်ပါကြောင်း ဆွေးနွေး တင်ပြအပ်ပါတယ်ခင်ဗျား။ ဤကဲ့သို့ ယခင်(၅)နှစ်တာကာလအတွင်း သတင်းအရ လက်နက်ခဲယမ်းနှင့် မူးယစ်ဆေးဝါး ဖော်ထုတ်ဖမ်းဆီးရမိမှု ဖြစ်စဉ်အချို့ကို သုံးသပ်ကြည့်ပါရင် ဒါ တရားဥပဒေစိုးမိုးရေး တည်ငြိမ်အေးချမ်းရေးတို့အတွက် တာဝန်သိ တိုင်းရင်းသားပြည်သူနှင့် တာဝန်ရှိသူအဆင့်ဆင့်တို့မှ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းပါ ပုဒ်မ ၃၈၃၊ ၃၈၄ ၊ ၃၈၅၊ ၃၈၇ နှင့် ၃၉၀ တို့ပါ ပြဋ္ဌာန်းချက်များ တည်ဆဲ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များနဲ့အညီ ပူးပေါင်း ဆောင်ရွက်ခဲ့ခြင်းကြောင့်သာ သတင်းကြိုတင်ရယူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း တင်ပြ အပ်ပါတယ်ခင်ဗျား။ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် အထောက်အကူပြုတဲ့

တည်ဆဲ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပါ မူလပြဋ္ဌာန်းချက်များအား ပယ်ဖျက်လိုက်မည် ဆိုပါက ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် ကြိုတင်သိရှိဖော်ထုတ် ဖမ်းဆီးရမိရန် အခက်အခဲများ ဖြစ်ပေါ်လာနိုင်ပါကြောင်းနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအား လုံခြုံရေးအသိ၊ လုံခြုံရေးသတိ ကြီးမားစွာနဲ့ National security အမျိုးသားလုံခြုံရေးရှုထောင့်မှလည်း ချင့်ချိန် သုံးသပ်နိုင်ကြပါစေကြောင်း ပန်ကြား တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ နိုင်ငံတော်အခြေခံမူများ အခန်း၊ အခန်း (၁)၊ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ဂ) အရ ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်ဟု ဖော်ပြပြဋ္ဌာန်းချက်များနှင့်အညီ မိမိတို့ မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူများအားလုံးက မိမိတို့မြန်မာနိုင်ငံအတွင်း နေရာဒေသတစ်ခုမှ တခြားနေရာဒေသတစ်ခုသို့ တရားဝင်ရောက်ရှိ သွားလာ ထွက်ခွာမှုအား ဧည့်စာရင်းတိုင်ကြားခြင်း ပြုလုပ်ခြင်းဖြင့် ပြည်သူတို့၏အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံသားတစ်ဦး၏ တာဝန်အား ဝိုင်းဝန်းကူညီထမ်းဆောင်ခြင်းသာဖြစ်တဲ့အတွက် ဤဥပဒေပါ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၁၇၊ ပုဒ်မ ၂၇ ပါ ပုဒ်မ ၁၇ တို့အား ပယ်ဖျက်ရန်မသင့်ပါကြောင်း အဆိုပြုဆွေးနွေး တင်ပြအပ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၃ နှင့် ပုဒ်မ ၃၅၇ တို့အရ နိုင်ငံတော်သည် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ နစ်နာဆုံးရှုံးမှုမရှိစေရေး၊ နေအိမ်ဥပစာလုံခြုံရေး၊ ပစ္စည်းလုံခြုံရေး၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံရေးများအတွက် ဥပဒေအရ အကာအကွယ်ပေးရမှာ ဖြစ်ပါတယ်ခင်ဗျား။

ဤကဲ့သို့ အကာကွယ်ပေးတဲ့ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ပယ်ဖျက်လိုက်မည်ဆိုပါက ဖော်ပြပါ ဘေးအန္တရာယ်ပြုမှုဖြစ်စဥ်များ ပေါ်ပေါက်လာနိုင်ပြီး နိုင်ငံတော်မှ နိုင်ငံသားများအား ဥပဒေအရ အကာအကွယ်ပေးနိုင်မှုမှ ပျက်ယွင်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ရှိပြီးသား အကာအကွယ်ပေးတဲ့ ဥပဒေပါပြဋ္ဌာန်းချက်များကို ပယ်ဖျက်လိုက်မည်ဆိုပါက ဝမ်းနည်းဖွယ်ရာဖြစ်စဥ်များ ပေါ်ပေါက်လာနိုင်ပြီး ဥပဒေပြုသူများအနေနဲ့ တာဝန်ရှိသွားနိုင်ပါကြောင်းကိုလည်း ဒါ ကျွန်တော် တင်ပြအပ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ဘေးအန္တရာယ်များ ကျရောက်မှုမှ ကာကွယ်ပေးသည့် စည်းရိုးကြီးကဲ့သို့ ဖြစ်တဲ့ ဒီဥပဒေကို ဖျက်ဆီးသလိုဖြစ်သွားမည်ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအား စဥ်းစားချင့်ချိန် သုံးသပ်သင့်ပါကြောင်း အဆိုပြုဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၂။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကျွန်တော်တို့

နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ တရားမျှတရေး၊ လွတ်လပ်ရေး၊ ညီမျှရေး ကျွန်တော်တို့ ပြဟ္မစိုရ် တရားတွေ ထွန်းကားပြီးတော့ ခံစားခွင့်ရရေးအတွက် အတူတကွ ကြိုးစားဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရင်းနဲ့ အားလုံးကို ဂါရဝပြု နှုတ်ဆက်အပ်ပါတယ်။ အဲဒီတော့ အခုဆွေးနွေးနေတဲ့ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု ကျွန်တော်တို့ အုပ်ချုပ်ရေးဥပဒေ တတိယအကြိမ် ပြင်ဆင်ချက် ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ ကျွန်တော့်အနေနဲ့ ပထမဦးဆုံး ဆွေးနွေးချင်တဲ့ အချက်ကတော့ ဒီဥပဒေတစ်ခုလုံးမှာ ကျွန်တော်တို့ ဆယ်အိမ်စုမှူးတွေ ရွေးတဲ့အခါမှာသော်လည်းကောင်း၊ အုပ်ချုပ်ရေးမှူးကို ရွေးချယ်တဲ့ အခါမှာသော်လည်းကောင်း အခြေခံထားတယ်လို့လည်း ပြောလို့ရသလို လွှမ်းခြုံထားတဲ့ ပြဋ္ဌာန်းချက် တစ်ခုရှိပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ မူရင်း ဒီ ရပ်ကွက်နဲ့ ကျေးရွာ အုပ်ချုပ်ရေးဥပဒေရဲ့ ကျွန်တော်တို့ အဓိပ္ပာယ်ဖွင့်ဆိုချက် ပုဒ်မ ၂ (ည) မှာလည်း အိမ်ထောင်ဦးစီးဆိုသည်မှာ ဆိုပြီးတော့ ကျွန်တော်တို့ အိမ်ထောင်စုစာရင်း ပုံစံမှာပြောမယ်ဆိုရင်တော့ သန်းခေါင်စာရင်းပုံစံ ၆၆/၆ ရဲ့ အိမ်ထောင်ဦးစီးဖြစ်တဲ့ လူကိုဆိုလိုတယ်လို့ အဓိပ္ပာယ်ဖွင့်ဆိုထားသလို အဲဒီ ရပ်ကွက်နဲ့ ကျေးရွာ အုပ်ချုပ်ရေးဥပဒေရဲ့ နည်းဥပဒေပုဒ်မ ၂(ဃ)မှာလည်း အိမ်ထောင်စုဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက သတ်မှတ်ထားသည့် ပုံစံ ၆၆/၆ ပါ စာရင်းကို သာဆိုလိုတယ်လို့ ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ ပထမဦးဆုံး တင်ပြလိုတဲ့ အချက်ကတော့ ကျွန်တော်တို့ ဒီဥပဒေရဲ့ ပြဋ္ဌာန်းချက် ဆယ်အိမ်စုမှူးနဲ့ ဖြစ်ဖြစ်၊ အုပ်ချုပ်ရေးမှူးနဲ့ပဲ ဖြစ်ဖြစ် ကျွန်တော်တို့ ရွေးချယ်တဲ့အခါမှာ အခြေခံထားတဲ့ အိမ်ထောင်ဦးစီးတို့၊ ကျွန်တော်တို့ အိမ်ထောင်စုစာရင်းတို့ အဲဒီပြဋ္ဌာန်းချက်တွေ အားလုံးသည် ကျွန်တော်တို့ အိမ်ထောင်စု လူဦးရေစာရင်း၊ သန်းခေါင်စာရင်းပေါ့နော်၊ ပုံစံ ၆၆/၆ ကို သာ ရည်ညွှန်းထားတယ်ဆိုတာ အားလုံးတွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပုံစံ ၆၆/၆ မရှိတဲ့ ဒေသတွေ၊ မရှိတဲ့လူတွေ၊ မရှိတဲ့ ကျွန်တော်တို့နေရာတွေမှာ ရွေးချယ်လိုက်တဲ့ အုပ်ချုပ်ရေးမှူးတွေ အားလုံးသည် ဆယ်အိမ်စုမှူးတွေ အားလုံးသည် ဒီဥပဒေနဲ့ ကိုက်ညီမှုမရှိဘူးဆိုတာကို တွေ့ရမှာဖြစ် ကြောင်း ပဏာမအနေနဲ့ တင်ပြလိုပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော် တင်ပြလိုတာကတော့ ကျွန်တော်တို့နိုင်ငံဟာ ကျွန်တော်တို့ အကြောင်းအမျိုးမျိုးကြောင့်ပေါ့နော်၊ ဒီနေ့အထိ သန်းခေါင်စာရင်း မှတ်ပုံတင်မရှိတဲ့နေရာတွေ အများကြီး ရှိတယ်ဆိုတာ ကျွန်တော်တို့ အားလုံးသိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ နှစ်ပေါင်းများစွာ အသက်ထက်ဆုံးသာ ကျွန်တော်တို့နိုင်ငံမှာ အထူးသဖြင့် နယ်စွန်နယ်ဖျား တိုင်းရင်းသားဒေသတွေမှာ အသက်ထက်ဆုံး သေသာသွားကြတယ်။ သန်းခေါင်စာရင်းလည်း မလုပ်ဖူးဘူး။ မှတ်ပုံတင်လည်း မရှိတဲ့လူတွေ အများကြီးဆိုတာ အားလုံးသိပါတယ်။ ဒီအတိုင်းပဲ မှတ်ပုံတင် သန်းခေါင်စာရင်းမရှိတဲ့ တခြားနေရာတွေလည်း အများကြီးပါ။ ကျွန်တော်တို့ မဟာရန်ကုန်လို မြို့တော်ကြီးမှာတောင်မှ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ဒဂုံဆိပ်ကမ်းမြို့နယ်တို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်တို့မှာ ရပ်ကွက်ကြီး တွေအလိုက် ကျူးကျော်ရပ်ကွက်ကြီးတွေဆိုပြီးတော့ သတ်မှတ်ခံရပြီးတော့ အဲဒီမှာနေထိုင်တဲ့ ပြည်သူ တွေဟာ သန်းခေါင်စာရင်းလည်းမရှိဘူး။ တချို့မှတ်ပုံတင်လည်း အများအားဖြင့် မရှိကြပါဘူး။ အကြောင်းကြောင်းကြောင့် အထူးသဖြင့် ကျွန်တော် သိရသလောက်က နာဂစ်မုန်တိုင်းကြောင့် ဒုက္ခဆင်းရဲ ရောက်လာတဲ့သူတွေဟာ ဒီနေရာမှာလာပြီးတော့ စတည်းချပြီးတော့ ခုလိုရပ်ကွက်ကြီးတွေ

ဖြစ်လာကြတယ်လို့ သိရပါတယ်။ အဲဒီတော့ အဲဒီလူတွေရဲ့ ကျူးကျော်ရပ်ကွက်မှာနေတယ်ဆိုတဲ့ လူတွေရဲ့အနေထားဟာ သန်းခေါင်စာရင်းမရှိဘူး။ အဲဒီအတွက် ကျူးကျော်လို့ သတ်မှတ်ခံရတဲ့အတွက် သူတို့ မဲလည်း ပေးခွင့်မရဘူး။ ပြီးရင် အဲဒီလူတွေရဲ့ သားသမီးတွေ အလုပ်လျှောက်ချင်လို့ ဒီမှာ နေထိုင်ကြောင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်ချက်ကင်းရှင်းကြောင်း ထောက်ခံစာပေးပါ ဆိုရင် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းတွေက အမိန့်ကို ပေးထားတယ်။ အဲဒီကျူးကျော်ဆိုတဲ့ လူတွေကို အဲဒီလိုမျိုး ထောက်ခံစာ မပေးရဆိုတဲ့အတွက် အဲဒီလူတွေ အင်မတန်မှ ဒုက္ခဆင်းရဲခံရ တယ်။ သူတို့ဘဝတက်လမ်းတွေ သူတို့ဘဝရဲ့အခွင့်အလမ်းတွေ အများကြီး နစ်နာဆုံးရှုံးခဲ့ရတယ် ဆိုတာ တင်ပြလိုပါတယ်။ အဲဒီလူတွေရဲ့ဘဝ၊ အဲဒီလူတွေရဲ့အခြေအနေ ကျွန်တော်တို့ ကြည့်ချင်မယ်၊ သိချင်မယ်ဆိုရင် လိုက်ကြည့်လို့ အများကြီးရှိပါတယ်။

ကျွန်တော်တို့ မဟာရန်ကုန်မြို့မှာတင်ပဲ၊ အဲဒီတော့ကျွန်တော် ပြောချင်တာကတော့ တောင်ပေါ်ဒေသက သန်းခေါင်စာရင်း မရှိတဲ့ လူတွေရော၊ အဲဒီကျူးကျော် ရပ်ကွက်မှာနေပါတယ် ဆိုတဲ့ သန်းခေါင်စာရင်းမရှိတဲ့ လူတွေရောဟာ နိုင်ငံခြားသားတွေ မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ သွေးရင်း၊ သားရင်း ကျွန်တော်တို့နိုင်ငံသား အစစ်တွေသာ ဖြစ်ပါတယ်။ အဲဒီလူတွေမှာလည်း နိုင်ငံသားအခွင့်ရေးတွေ၊ လူ့အခွင့်ရေးတွေ အပြည့်အဝရသင့်ပါတယ်။ အဲဒီလူတွေမှာလည်း တခြား ရပ်ကွက်တွေ၊ တခြားကျေးရွာတွေမှာရှိသလို အုပ်ချုပ်ရေးအဖွဲ့အစည်းတွေလည်း ရှိသင့်ပါတယ်။ အဲဒီအတွက် ကျွန်တော့်အနေနဲ့ ဒီဥပဒေမှာ ပြင်ဆင်ချင်တာကတော့ မူရင်းဥပဒေရဲ့ ပုဒ်မ ၂၊ (ည)မှာ ဘယ်လိုရေးထားသလဲဆိုတော့ အိမ်ထောင်ဦးစီးဆိုသည်မှာ သက်ဆိုင်ရာဥပဒေအရ သတ်မှတ်ထားတဲ့ အိမ်ထောင်စုလူဦးရေစာရင်းပုံစံတွင် အိမ်ထောင်ဦးစီးအဖြစ် ဖော်ပြခံထားရသူကို ဆိုလိုသည်ဆိုပြီး တော့ ဆယ်အိမ်ထောင်စုမှူးပဲရွေးရွေး၊ အုပ်ချုပ်ရေးမှူးပဲရွေးရွေး ဒါကိုအခြေခံထားတာ ဖြစ်တဲ့ အတွက် ကျွန်တော် ပြင်ဆင်လိုတဲ့ဟာကတော့ အိမ်ထောင်ဦးစီးဆိုသည်မှာ သက်ဆိုင်ရာ ဥပဒေအရ သတ်မှတ်ထားသော အိမ်ထောင်စု ဦးရေစာရင်းပုံစံ ၆၆/၆ ရှိသူဖြစ်စေ၊ မရှိသူဖြစ်စေ။ အိမ်ထောင်စု၏ အကြီးအကဲကို ဆိုလိုတယ်လို့ ကျွန်တော်တို့ ပြင်ဆင်သင့်ပါတယ်။ ပုဒ်မ ၂(ည)ကို။ အဲဒီအတိုင်းပဲ နောက်ဆက်တွဲအနေနဲ့ နည်းဥပဒေတွေမှာလည်း ပြင်ဆင်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဒါမှသာလျှင် ကျွန်တော်တို့ သန်းခေါင်စာရင်းမရှိတဲ့ နိုင်ငံသားတွေဟာ ခွဲခြားနိမ့်ချပြီးတော့ ဆက်ဆံခံရတဲ့ဘဝက နေပြီးတော့ ကျွန်တော်တို့ နိုင်ငံသားတွေနဲ့ တစ်တန်းတည်း နိုင်ငံသားအခွင့်အရေးတွေ၊ လုံခြုံမှု အခွင့်အရေးတွေကို ရရှိခံစားခွင့် ရရှိနိုင်မှာ ဖြစ်ပါတယ်။

နောက်ပုဒ်မတစ်ခု ပြင်ဆင်ဖို့ ဆွေးနွေးလိုတာကတော့ ပုဒ်မ ၅(ဂ) ဖြစ်ပါတယ်။ ပုဒ်မ ၅(ဂ) မှာ မူလဥပဒေမှာကျတော့ အုပ်ချုပ်ရေးမှူးလုပ်တဲ့သူသည် သင့်တင့်သော ပညာအရည်အချင်းရှိရမယ် လို့ ပြဋ္ဌာန်းထားပြီးတော့ ပြင်ဆင်ချက် အဆိုတင်သွင်းတဲ့ အထဲမှာကျတော့ အနိမ့်ဆုံး အခြေခံပညာ အလယ်တန်းအဆင့် ပညာအရည်အချင်းရှိသူ ဖြစ်ရမယ်လို့ သတ်မှတ်ထားပါတယ်။ ဖော်ပြထားပါ တယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ထဲမှာကျတော့ အခြေခံမူလတန်းအဆင့်နဲ့ ညီမျှသော ပညာအရည်အချင်းအောင်မြင်ပြီးသူ ဖြစ်ရမယ်လို့ ဖော်ပြထားပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ အားလုံးကို မေးခွန်းထုတ်ချင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံသည် ကမ္ဘာမှာ ဖွံ့ဖြိုးမှု အနောက်ကျဆုံး နိုင်ငံတစ်ခုဖြစ်တယ်ဆိုတာကို ငြင်းလို့မရပါဘူး။ အဲဒီအတိုင်းပဲ ကျွန်တော်တို့ နိုင်ငံရဲ့ အနှံ့အပြားကို

နှံ့နှံ့စပ်စပ်ရောက်အောင် သွားကြည့်မယ်ဆိုရင် တောင်ပေါ်ဒေသ ဒါမှမဟုတ် နယ်စပ်ဒေသတချို့ နေရာတွေမှာ ဗမာစကားတောင် တစ်လုံးမှ မတတ်တဲ့ ရွာတွေအများကြီးပါ။ ကျောင်းလည်းမရှိဘူး။ ဒီလိုမျိုး ဖွံ့ဖြိုးမှု အင်မတန်နိမ့်ကျတဲ့ နိုင်ငံကြီးမှာ သက်ဆိုင်ရာဒေသ ကျေးရွာအုပ်စုအလိုက် အုပ်ချုပ်ရမယ့် လူတွေကို ဒီလိုမျိုး အလယ်တန်းပညာ အရည်အချင်းရှိရမယ်။ မူလတန်းအောင်အဆင့်ရှိရမယ်လို့သာ သတ်မှတ်မယ်ဆိုရင် စာတတ်တဲ့သူ မရှိတဲ့ အရပ်ဒေသတွေမှာ အုပ်ချုပ်ရေးမှူးမခန့်ရတော့ဘူးလားလို့ စဉ်းစားဖွယ်ရာ ရှိပါတယ်။ အဲဒီတော့ အဲဒါဆိုရင် အုပ်ချုပ်ရေးမှူးလုပ်တဲ့လူသည် တာဝန်တွေကလည်း အရမ်းများတယ်။ သတ်မှတ်ထားတဲ့ လုပ်ပိုင်ခွင့်တွေကလည်း များတဲ့အတွက် ပညာအရည်အချင်းတော့ ရှိဖို့လိုတယ်လို့ အဆိုပြုချင်တဲ့သူတွေ၊ ပြီးတော့ တကယ်တမ်းအဲဒီလို ပြောချင်တယ်ဆိုရင် ကျွန်တော်တို့ ဘွဲ့ရတဲ့သူတွေ ဖြစ်ရမယ်ဆိုရင် ပိုမကောင်းဘူးလား။ သို့သော် မဖြစ်နိုင်တဲ့အရာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ တစ်နိုင်ငံလုံး လွှမ်းခြုံပြီးတော့ စောစောက ဦးကျော်နီနိုင် ပြောသွားသလိုပဲ တစ်နိုင်ငံလုံးလွှမ်းခြုံပြီး လက်တွေ့ကျင့်သုံးနိုင်တဲ့ ဥပဒေမျိုးဖြစ်ဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ စောစောကပြောတဲ့ အလယ်တန်းအဆင့်အောင်ရမယ်၊ ဘာရမယ်ဆိုရင် ဒီကျေးရွာမှာ ဒီတစ်ယောက်ပဲ အလယ်တန်းအဆင့် အောင်တာရှိတယ်။ အဲဒီလူကလည်း လူယုတ်မာဖြစ်တယ်။ အဲဒီကျေးရွာက ရွေးစရာလမ်းမရှိတော့ဘူး။ ဒီလူကိုပဲ အုပ်ချုပ်ရေးမှူးခန့်ရမယ်ဆိုရင် အားလုံးကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်သလို နစ်နာသွားနိုင်ပါတယ်။

ဒါကြောင့်မို့လို့ လေးစားရပါသော ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျွန်တော်တို့ နိုင်ငံရဲ့ လက်တွေ့ လက်ရှိ အခြေအနေအပေါ်မှာ လိုက်လျောညီထွေဖြစ်အောင် သင့်တင့်သော ပညာအရည်အချင်းရှိသူဖြစ်ရမယ်လို့ ပြဋ္ဌာန်းချက်သည်သာလျှင် သင့်တော်မယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြုဆွေးနွေးလိုပါတယ်။

နောက် ပုဒ်မတစ်ခု ဆွေးနွေးချင်တာကတော့ ပုဒ်မ ၁၃(စ) ပါ။ အဲဒီမှာ ကျွန်တော်တို့ ရပ်ကွက်ထဲမှာ ကျေးရွာထဲမှာ အခမ်းအနားတွေလုပ်မယ်၊ ပွဲတွေကျင်းပမယ်ဆိုရင် ကျွန်တော်တို့ ပြပွဲတွေ၊ ပြိုင်ပွဲတွေ ရိုးရာဓလေ့ပွဲတွေ ကျင်းပမယ်ဆိုရင် မူလတုန်းကတော့ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးထံကို ရပ်ကွက်အုပ်ချုပ်ရေးမှူးက သဘောထားမှတ်ချက် တင်ပြမယ်ဆိုပြီးတော့ ကျင်းပခွင့်မရှိဘဲ ကျင်းပရင် အရေးယူမယ်ဆိုပြီးတော့ ပါ ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်မှာကျတော့ ဒီဟာနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးထံကို အသိပေးတင်ပြပြီးတော့ တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ ကျင်းပစေခြင်းလုပ်မယ်လို့ ပြင်ဆင်ထားတာ တွေ့ရပါတယ်။ ကျွန်တော်အကြံပြုချင်တာကတော့ ဒီနေရာမှာ ဟနေတယ်လို့ မြင်ပါတယ်။ အဲဒီတော့ မြို့နယ်အုပ်ချုပ်ရေးမှူးကိုပဲ ကျင်းပမယ့်သူတွေက သွားတင်ပြပြီးတော့ လုပ်ကုန်ကျမယ်ဆိုရင် ကြားထဲက ကျေးရွာနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးအနေနဲ့ ကျွန်တော်တို့ ဘုမသိ ဘမသိနဲ့ ကွက်ကျော်ရိုက်သွားတာတို့လည်း မဖြစ်ရအောင် ကျွန်တော်တို့ ကျင်းပခြင်းနဲ့ စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးထံ ရပ်ကွက်နဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးကနေပြီးတော့ အသိပေးတင်ပြပြီး ကျင်းပပြုလုပ်လိုသူတို့အား တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့်သာ ကျင်းပစေခြင်းဆိုတဲ့ဟာမျိုး ဖြည့်စွက်ပြီးတော့ ပြင်ဆင်သင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တာဝန်ယူမှု၊ တာဝန်ခံမှုက ဘယ်သူကို တာဝန်ယူ၊ တာဝန်ခံခိုင်းမှာလဲ။

ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးကိုလား။ ကျင်းပပြုလုပ်မယ့် လူတွေကိုလား ဆိုတာကိုလည်း ရှင်းလင်းပြတ်သားစေချင်တဲ့ သဘောပါ။

ပြီးရင် ပုဒ်မ ၁၃(ဎ)ကိုလည်း ဆွေးနွေးချင်ပါတယ်။ ဒီနေရာမှာ တရားဥပဒေစိုးမိုးရေးနဲ့ စည်းကမ်းထိန်းသိမ်းရေးအတွက် စစ်ဆေးရန်လိုအပ်သော နေရာများကို အခါအားလျော်စွာ စစ်ဆေးခြင်း ဆိုတဲ့နေရာကို ကျွန်တော်တို့ ခိုင်လုံသော အကြောင်းပြချက်ဖြင့် စစ်ဆေးခြင်းဆိုပြီးတော့ ပြင်ဆင်ထားတာ တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ခိုင်လုံသောဆိုတာ ဘာကိုပြောတာလဲ ဆိုတဲ့ဟာမျိုး အငြင်းပွားစရာ ဖြစ်လာနိုင်ပါတယ်။ အဲဒါကြောင့်မို့လို့ တရားဥပဒေစိုးမိုးရေးနဲ့ စည်းကမ်းထိန်းသိမ်းရေးအတွက် စစ်ဆေးရန်လိုအပ်သောနေရာများကို ရရှိသောသတင်းအပေါ် မူတည်၍ လုံလောက်သော အကြောင်းပြချက်ဖြင့်သာ စစ်ဆေးခြင်းဆိုတဲ့ဟာမျိုး ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းသင့်တယ်လို့ အကြံပြု ဆွေးနွေးလိုပါတယ်။

နောက်တစ်ခု ဆွေးနွေးလိုတာကတော့ ပုဒ်မ ၂၉ ပါ။ ကျွန်တော်တို့ ဒီ ရပ်ကွက်နဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးများဟာ တချို့ ဝေးလံသီခေါင်တဲ့ ဒေသတွေက အုပ်ချုပ်ရေးမှူးတွေဆိုရင် သူ့ရဲ့ တာဝန်အရ တရားခံကိုဖမ်းမယ်။ ပြီးရင်သက်ဆိုင်ရာ ရဲစခန်းကို ခေါ်သွားမယ်ဆိုရင် စရိတ်စက သိန်းနဲ့ ချီကုန်ပါတယ်။ သွားရေးလာရေး။ အစည်းအဝေးတစ်ခေါက်ဆိုရင်လည်း စရိတ်စက သောင်းနဲ့ သိန်းနဲ့ချီကုန်တဲ့ နေရာတွေ အများကြီးရှိပါတယ်။ သို့သော် ဥပဒေမှာ အဲဒီစရိတ်တွေ ထုတ်မပေးပါဘူး။ လက်တွေ့မှာလည်း ထုတ်မပေးပါဘူး။ ဥပဒေမှာလည်း မရှိသလို၊ လက်တွေ့မှာလည်း မပေးတဲ့အတွက် လုပ်ငန်းအဆင်မပြေမှု အခက်အခဲတွေ အများကြီးရှိပါတယ်။ အဲဒီရဲ့ နောက်ဆက်တွဲ အနေနဲ့ ဘယ်သူမှ အဲဒီအလုပ်တွေ မလုပ်ချင်တော့ပါဘူး။ ဆိုလိုတာက တရားခံတစ်ယောက်ကိုဖမ်းပြီးရင် ရဲစခန်းကို သွားပို့ဖို့ အုပ်ချုပ်ရေးမှူးက (၃)သိန်းလောက် ကုန်မယ်ဆိုရင် အဲဒီ (၃)သိန်း သူ့အိတ်ထဲကပဲ စိုက်ရမယ်ဆိုရင် ရေရှည်မှာ သူမလုပ်တော့ဘူး။ ဒီ တရားခံဖမ်းမိဖို့ထက် သူ့အိတ်ထဲက စိုက်နေရတဲ့အလုပ်သည် အဆင်မပြေဘူး။

ဒါကြောင့်မို့လို့ ပုဒ်မ ၂၉ မှာ ဖြည့်စွက်သင့်တာကတော့ အခန်း(၁၃)၊ ရုံးသုံးစရိတ်များ ပုဒ်မ ၂၉၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးအတွက် ရုံးသုံးစရိတ်များဆိုတဲ့နေရာမှာ ရုံးသုံးစရိတ်များ၊ ခရီးစရိတ်များနှင့် အခြားစရိတ်များ သုံးစွဲနိုင်ရန် နှစ်စဉ် ရသုံးခန့်မှန်းခြေငွေစာရင်း၌ မြို့နယ်အလိုက် သင့်လျော်သည့် ရန်ပုံငွေပမာဏကို ခွဲဝေသတ်မှတ်လျာထားရမည်ဆိုပြီးတော့ ဖြည့်စွက်သင့်ပါတယ်။ ဒါမှ ပုဒ်မ ၃၀ မှာ အဲဒီစရိတ်တွေကို ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးက ရယူပြီးတော့ ကျွန်တော်တို့ လုပ်ငန်းကို ပြည့်စုံအောင်၊ အောင်မြင်အောင် နိုင်ငံသားတွေ လုံခြုံအောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

အဲဒီတော့ နောက်ဆုံးဆွေးနွေးချင်တဲ့ အချက်ကတော့ ပုဒ်မ ၃၃ ပါ။ ဒါကတော့ ဥပဒေကြမ်းကော်မတီက ဖြည့်စွက်ထားတဲ့ ပုဒ်မ ပါ။ အင်မတန်မှ သင့်လျော်ပါတယ်။ ပုဒ်မ ၃၃(က)မှာ ဆယ်အိမ်မှူးများဟာ အုပ်ချုပ်ရေးမှူးကို အကြံပေးရမယ့်တာဝန်ရှိတယ်လို့ ဖော်ပြထားပြီးတော့ (ခ)မှာကျတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးလုပ်ငန်းတွင် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးနှင့်အတူ ပါဝင်ဆောင်ရွက်ရမယ်။ တာဝန်ရှိတယ်လို့ ဖော်ပြထားပါတယ်။ ဒီနေရာမှာ (၂)ချက် ဖြည့်ဖို့

လိုပါတယ်။ အဲဒီတော့ (ခ)မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေး မကပါဘူး။ လုံခြုံရေးလည်း ပါ ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးနှင့်အတူ ပါဝင်ဆောင်ရွက်ရမယ်ဆိုရင် ပိုပြည့်စုံမှာဖြစ်သလို ဒီ ပုဒ်မ ၃၃ တစ်ခုလုံး ကိုကြည့်လိုက်ရင် အုပ်ချုပ်ရေးမှူးနဲ့ ဆယ်အိမ်စုမှူးတွေဟာ ရာထူးတာဝန်က တစ်တန်းတည်းဖြစ်နေတာဖြစ်တဲ့အတွက် လက်တွေ့လုပ်တဲ့အခါမှာ ပြဿနာအများကြီး ရှိပါတယ်။ မင်းကဆရာလား၊ ငါက ဆရာလားဆိုတဲ့ပြဿနာတွေ အများကြီးရှိတဲ့အတွက် အဲဒီ ပုဒ်မ ၃၃(ခ)မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးဆိုပြီးတော့ ဖြည့်သင့်တာကတော့ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူး၏ ဦးဆောင်စီမံမှုနဲ့ အတူ ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိသည်လို့ ဖြည့်စွက်ခြင်းအားဖြင့် လုပ်ငန်းချောမွေ့ပြီးတော့ ကျွန်တော်တို့ အားလုံးအဆင်ပြေပြီးတော့ ကျွန်တော်တို့ နိုင်ငံသားတွေကို တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း အားလုံး ကျွန်တော်တို့ ငြိမ်းငြိမ်းချမ်းချမ်းနေနိုင်အောင် ဆောင်ရွက်နိုင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးတင်မောင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၂၀။**

**ဦးတင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီနှင့် ဥပဒေကြမ်းကော်မတီတို့မှ တတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေကို ကျွန်တော်တို့က ဆွေးနွေးမှာဖြစ်ပေမယ်လို့ ဒီဥပဒေဟာ တော်တော်လေးကို ခိုင်လုံပြီးမှ အသေးစိတ် တော်တော်လေး လိုက်ထားတာ ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ထောက်ခံနိုင်ပါတယ်။ သို့သော် လည်းပဲ ဒီကော်မတီနှစ်ရပ်ကနေပြီးမှ ရေးဆွဲထားတာ မဟုတ်ဘဲနဲ့ မရေးဆွဲဘဲ ချန်ထားခဲ့တဲ့ ကျွန်တော်တို့ ဥပဒေတစ်ရပ်ကိုတော့ ကျွန်တော် ပြင်ဆင်ချင်တာ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မပြင်ဆင်ဘဲနဲ့ ထားခဲ့တဲ့ ဥပဒေဟာ မူလဥပဒေပါ။ မူလဥပဒေကို မပြင်ဆင်လို့ရှိရင် ဒီအတိုင်းပဲ သတ်မှတ်တယ်လို့ ယူဆတဲ့အတွက် ကျွန်တော်တို့က ဝေဖန်ပိုင်ခွင့် ရှိပါတယ်။

အဲဒီတော့ ကျွန်တော်တို့ မပြင်ဆင်ခဲ့တဲ့ ဥပဒေထဲကဆိုလို့ရှိရင် အခန်း(၄)၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (က)(ခ)(ဂ)(ဃ)(င)တို့ဟာဆိုလို့ရှိရင် ဆယ်အိမ်စုစနစ်နဲ့ ကျွန်တော်တို့က ကျေးရွာအုပ်ချုပ်ရေးမှူးကို ရွေးချယ်တဲ့စနစ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီမှာ ကန့်လန့်ဖြတ်ဇယားလည်း ဥပဒေကြမ်းကော်မတီကို တင်ပါမယ်။ အဲဒီ ကန့်လန့်ဖြတ်ဇယားမှာတော့ (က)ကိုတော့ ကျွန်တော် ပယ်ဖျက်ပါမယ်။ ကျန်တဲ့ (ခ)(ဂ)(ဃ)(င)ကိုကျတော့ ပြင်ဆင်ထားပါတယ်။ အဲဒီတော့ ဆယ်အိမ်မှူးစနစ်ကို ဘာကြောင့် ပြင်ဆင်ထားသလဲဆိုတာ နည်းနည်းအခြေခံလေး ပြောချင်ပါတယ်။ ကျွန်တော်တို့

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများဟာ ကျွန်တော့်လိုပဲ ကိုယ့်ရဲ့မြို့နယ်ကိုပဲ ပြန်ပြီးအလုပ်လုပ်ခဲ့ကြတဲ့ ကိုယ်စားလှယ်တွေချည်းဆိုတာကိုလည်း ကျွန်တော်က ယူဆပါတယ်။ အလုပ်လုပ်ခဲ့ကြတဲ့သူတွေပါ။ အဲဒီလို အလုပ်လုပ်ဖို့ နယ်တွေကိုထွက်တဲ့အခါမှာ နယ်တွေက ကျွန်တော်တို့ရဲ့ မဲဆန္ဒရှင်ပြည်သူလူထုတွေက သူတို့ရဲ့ ခံစားချက်တွေကို တင်ပြကြမယ်ဆိုရင် ဒီ အုပ်ချုပ်ရေးမှူးတွေကို အဓိက တင်ပြကြပါတယ်။ အဲဒီ တင်ပြတဲ့အထဲမှာဆိုလို့ရှိရင် ကျွန်တော်တို့က ဆယ်အိမ်မှူးတစ်ယောက်ကို ကျွန်တော် ဒီလိုနယ်မှာသွားပြီးမှ မေးလိုက်တဲ့အခါကျတော့ ဆယ်အိမ်မှူးတစ်ယောက်က နယ်ဆိုရင် မုံရွာမြို့ပေါ့၊ မုံရွာမြို့က မြို့ကြီးတစ်ခုကနေပြီးမှ ဆယ်အိမ်မှူးတစ်ယောက်ကို မေးတဲ့အခါကျတော့ သူတို့က ဒီ ဆယ်အိမ်မှူးစနစ်နဲ့ ကျွန်တော်တို့က အရွေးခံလိုက်တယ်။ ဥက္ကဋ္ဌဖြစ်ချင်လို့ အရွေးခံလိုက်တာ၊ ဥက္ကဋ္ဌမဖြစ်ဘဲနဲ့ ဥက္ကဋ္ဌက တခြားလူဖြစ်သွားတော့ ဆယ်အိမ်မှူး ဘဝနဲ့ ကျန်နေလိုက်တော့ သာရေးနာရေးကောက်တဲ့ဘဝကိုပဲ ကျန်နေလိုက်တယ်ဆိုပြီးတော့ သူက ဆယ်အိမ်မှူးဘဝကို ဆက်ပြီးမှလုပ်နေရတယ်။

နောက်တစ်ချက်က ကြီးကြပ်ရေးမှူးတစ်ဦးကို ကျွန်တော်မေးလိုက်တယ်။ ကြီးကြပ်ရေးမှူးတစ်ဦးက ဘာပြောသလဲဆိုတော့ အဲဒီ မုံရွာကပါပဲ။ ကျွန်တော်တို့ မုံရွာမြို့မှာ ဒီရပ်ကွက်ထဲမှာကလည်း လူဦးရေကများတယ်။ အိမ်ထောင်စုများတဲ့အခါကျတော့ တစ်လ၊ နှစ်လလောက် သူတို့ ဆယ်အိမ်မှူးတွေကို လိုက်ပြီးမှ ဖွဲ့ရတဲ့အတွက်ကြောင့်မို့လို့ ဒီ ဆယ်အိမ်မှူးစနစ်ကိုတော့ သူတို့က ဖျက်ဖြစ်အောင်ဖျက်ပေးပါ။ မလိုချင်ပါဘူးလို့ သူတို့က ပြောခဲ့ပါတယ်။ ကျွန်တော်တို့က လူထုဆန္ဒတွေကို မေးလိုက်တဲ့အခါကျတော့ ကျွန်တော်တို့ အချက်(၂)ချက် Message ရပါတယ်။ အဲဒီ အချက်(၂)ချက်က ဘာလဲဆိုတော့ ပြီးခဲ့တဲ့ အစိုးရလက်ထက်က လက်ဦးမှုယူပြီးမှ ဆယ်အိမ်မှူးတွေ ဖွဲ့ထားတဲ့ဟာကို ပယ်ဖျက်ပြီးမှ နောက်အစိုးရလက်ထက်မှာ ဥပဒေကို ပြန်ပြင်ဆင်ဖွဲ့ပြီး ပြန်လည်ဖွဲ့ပေးပါဆိုတဲ့ဟာကို ပြောခဲ့တဲ့ အချက်(၂)ချက် ကျွန်တော် Message ရခဲ့ပါတယ်။ မြို့နယ်အုပ်ချုပ်ရေးတိုင်းမှာလည်း သွားပြီးတော့ ကြည့်မယ်ဆိုရင် ဒီ ဆယ်အိမ်မှူးစနစ်နဲ့ ရွေးချယ်ထားတဲ့ ပြဿနာတွေအားလုံးဟာ တော်တော်လေး များများ ပြဿနာတွေ မြို့နယ်အုပ်ချုပ်ရေးတွေမှာ ရှိနေပါတယ်။ ဒီဟာတွေကိုသွားပြီး စစ်ဆေးမယ်ဆိုရင် တွေ့နိုင်ပါတယ်။ အဲဒီတော့ မြို့နယ်အုပ်ချုပ်ရေးမှူးတွေကလည်း တာဝန်ယူပြီးမှ ဖြေရှင်းနိုင်ခြင်းမရှိအောင်ကို ပြဿနာတွေ များပါတယ်။ အဲဒီတော့ ဆယ်အိမ်မှူးစနစ်နဲ့ ဆိုလို့ရှိရင် ဒီမိုကရေစီနည်းလမ်းနဲ့လည်း မကျဘူးလို့ ကျွန်တော် ထင်ပါတယ်။ ဆယ်အိမ်မှူးဖြစ်မှ အုပ်ချုပ်ရေးမှူးဖြစ်ရမယ်ဆိုတာထက် လူတိုင်းလူတိုင်းဟာ အုပ်ချုပ်ရေးမှူးအဖြစ်နဲ့ ရွေးချယ်ခံပိုင်ခွင့် ရှိရမယ်ဆိုတဲ့စနစ်ကို ကျွန်တော် ပိုပြီးသဘောကျပါတယ်။

အဲဒီတော့ နောက်တစ်ခုက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကို ရွေးတဲ့အခါမှာ ဆယ်အိမ်မှူးစနစ်နဲ့ မလုပ်ဘူးဆိုတော့ ဆယ်အိမ်မှူးမထားတော့ဘူးလားဆိုတော့ မဟုတ်ပါဘူး။ ဆယ်အိမ်မှူးကို အုပ်ချုပ်ရေးမှူးက ပြန်လည်အုပ်ချုပ်ရေးမှူးရွေးပြီးမှ အုပ်ချုပ်ရေးမှူးကနေပြန်ပြီး ဆယ်အိမ်းမှူးတွေကို ရွေးချယ်ရမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်က အုပ်ချုပ်ရေးမှူးလောင်းတွေကို ဘယ်လိုရွေးမလဲဆိုတော့ ကျွန်တော်တို့က အခန်း(၄)၊ ပုဒ်မ ၇(ဂ)မှာ ဆိုလို့ရှိရင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း၌ နေထိုင်သူများက မိမိကိုယ်တိုင်သော်လည်းကောင်း၊ အခြားသူများမှ အဆိုပြုထောက်ခံ၍သော်လည်းကောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးလောင်းများကို ကိုယ်ရေး

အချက်အလက်နှင့်တကွ အမည်စာရင်းတင်ပြရမည်ဆိုပြီးမှ ကျွန်တော် ပြင်ထားပါတယ်။ အဲဒီတော့ ကျွန်တော်တို့က Volunteer စနစ်နဲ့ ဒီလိုရွေးချယ်ဖို့ရာကို ကျွန်တော်က ပြင်ဆင်ချင်ပါတယ်။ ကျွန်တော်တို့က ပြောင်းလဲချိန်တန်ပြီဆိုပြီးမှ ကျွန်တော်တို့ ရွေးကောက်ပွဲမတိုင်ခင်က ကြွေးကြော်ခဲ့ကြပါတယ်။ ပြောင်းလဲချိန်တန်ပြီဆိုတာ ကျွန်တော်တို့က အချက်အလက်ကလေးတွေ၊ အကြောင်းအရာလေးတွေ နည်းနည်းပြင်ဆင်ရုံနဲ့ ပြောင်းလဲတာ မဟုတ်ပါဘူး။ System တစ်ခုကို ပြောင်းလဲမှသာလျှင် ပြောင်းလဲတာပါ။ ပြီးတော့မှ ပြည်သူလူထုက တကယ်ပြောင်းလဲစေချင်တဲ့ ပြင်ဆင်စေချင်တဲ့ အချက်တွေကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များက လေးလေးနက်နက် လက်ခံရမှာဖြစ်ပါတယ်။

အဲဒီတော့ ပြည်သူ့အသံ လွှတ်တော်အသံဆိုတာနဲ့အညီ လွှတ်တော်ကလည်းပဲ ပြည်သူလူထုရဲ့ အသံတွေကို လေးစားလိုက်နာကြမယ်ဆိုရင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပြည်သူလူထုမကြိုက်တဲ့ ဒီ ဆယ်အိမ်စုစနစ်နဲ့ ရွေးချယ်တဲ့ စနစ်ကို လေးလေးနက်နက် စဉ်းစားပြီးမှ ကျွန်တော်ပြောတာတွေကို ထောက်ခံသင့်ရင် ထောက်ခံပေးကြပါ ပြောရင်းနဲ့ နိဂုံး ချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၆။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၂၆။**

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံးကို မွန်ပြည်နယ် အမှတ်(၈) မဲဆန္ဒနယ်မြေမှ ကျွန်တော် ဦးမျိုးဝင်း က မင်္ဂလာပါလို့ ပဏာမနှုတ်ခွန်းဆက်ပါတယ်။ အခု ဆွေးနွေးနေကြတဲ့ ဥပဒေကြမ်းမှာ ကျွန်တော် ပုဒ်မ (၃)ခုကို တင်ပြဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပထမဆုံး ဆွေးနွေးမှာကတော့ ပုဒ်မ ၅၊ ပုဒ်မခွဲ(က)ကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ အဲဒီ ပုဒ်မခွဲမှာ ပြဋ္ဌာန်းထားတဲ့ ရပ်/ကျေးအုပ်ချုပ်ရေးမှူးမှာ ရှိရမယ့် အရည်အချင်းတစ်ခုက နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်ခြင်းဆိုတာပဲ ဖြစ်ပါတယ်။ ဆိုလိုတာကတော့ ရပ်/ကျေးအုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်မယ့်သူရဲ့ မိဘတစ်ဦးဦးဟာ မြန်မာနိုင်ငံသား မဖြစ်ခဲ့ဘူးဆိုရင် ဒီတာဝန်ကို ထမ်းဆောင်ခွင့်မရှိဘူးလို့ အဓိပ္ပာယ်ရပါတယ်။ နည်းဥပဒေမှာပါတဲ့ ပုဒ်မ ၇ ပါ ထပ်ပြီးတော့ ဖြည့်လိုက်မယ်ဆိုရင် အဲဒီ ဥပဒေပုဒ်မကြောင့် မိဘတစ်ဦးဦးက မြန်မာနိုင်ငံသား မဟုတ်လို့ဆိုတဲ့အတွက်ကြောင့် အဲဒီ နိုင်ငံသားတစ်ဦးဟာ ဆယ်အိမ်စုကိုယ်စားလှယ်အဆင့်တောင် ဖြစ်ခွင့်မရတော့ပါဘူး။ ဒီ ပုဒ်မက ဘာနဲ့တူနေသလဲဆိုလိုရှိရင် ကျွန်တော်တို့ရဲ့ အခြေခံဥပဒေမှာပါတဲ့ ပုဒ်မ ၅၉(စ)လို ဖြစ်နေပါတယ်။ ၅၉(စ)မှာ သားသမီးကြောင့် မိဘက သမ္မတဖြစ်ခွင့် မရသလိုဘဲ အခု ဒီပုဒ်မဟာလည်းပဲ မိဘကြောင့် သားသမီးဟာ ဆယ်အိမ်ခေါင်းတောင် ဖြစ်ခွင့်မရတဲ့ ပုဒ်မလို့ပဲ ဆိုချင်ပါတယ်။

လေးစားရပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီနေရာမှာ ကျွန်တော်တို့ တစ်ခုစဉ်းစားရမှာက ကျွန်တော်တို့ နိုင်ငံဟာ တစ်ချိန်က အာရှမှာ လျှမ်းလျှမ်းတောက်ခဲ့တဲ့ နိုင်ငံပါ။ ဒါကြောင့်လည်း ပြည်ပနိုင်ငံကနေပြီးတော့ ကျွန်တော်တို့ နိုင်ငံမှာ စီးပွားရှာဖို့၊ အခြေချဖို့ ရောက်လာကြတဲ့ ပြည်ပနိုင်ငံသားလည်း အများအပြား ရှိပါတယ်။ သူတို့တွေဟာ၊ တချို့တွေဟာ နိုင်ငံသားပြုခံရသူတွေဖြစ်တယ်။ တချို့တွေဟာ ဒီနိုင်ငံက နိုင်ငံသားတွေနဲ့ အကြောင်းပါပြီးတော့ အိမ်ထောင်ကျတယ်။ သားသမီးတွေ မွေးဖွားကြတယ်။ အဲဒီ အိမ်ထောင်စုက မွေးဖွားလာကြတဲ့ ကပြားသားသမီးတွေ ကိစ္စကို ကျွန်တော်တို့ စဉ်းစားဖို့ လိုပါတယ်။ အရေအတွက် အတိအကျ မဖော်ပြနိုင်သော်လည်းပဲ သေးငယ်သောပမာဏတော့ မဟုတ်ပါဘူး။ သူတို့ဟာ ဒီမြေမှာမွေး၊ ဒီရေကိုသောက်၊ ဒီမှာကျောင်းနေ ကြီးပြင်းပြီးတော့ ဒီနိုင်ငံပေါ်မှာသစ္စာရှိပါ့မယ်လို့ ကတိသစ္စာဆိုထားကြတဲ့ မြန်မာနိုင်ငံသားတွေပဲ ဖြစ်ပါတယ်။ တချို့ဆိုရင် အသက် (၅၀)ကျော်တန်းတွေ ရောက်နေပါပြီ။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံရဲ့ တင်းကြပ်တဲ့မြန်မာနိုင်ငံသား ဥပဒေအရ၊ ကြိုးနီစနစ်အရ၊ အကျင့်ပျက်ခြစားမှုတွေအရ တချို့ဆိုရင် မြန်မာနိုင်ငံသားအဖြစ် လျှောက်ထားခံယူနေဆဲမှာပဲ ကွယ်လွန်သွားကြပါတယ်။ အဲဒီ မိဘ တစ်ဦးက နိုင်ငံသားမဖြစ်တဲ့အတွက် ဒေသချက်မြုပ် နိုင်ငံသားတစ်ဦးက ကျွန်တော်တို့ ရပ်ရေး၊ ရွာရေးကို ဆယ်အိမ်မှူးအဆင့်တောင် ထမ်းဆောင်ခွင့်မရှိတော့ဘူးလား။ ကျွန်တော်တို့ စဉ်းစားရမယ့်အချက် ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၅၊ ပုဒ်မခွဲ(ခ)မှာ ဤ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ နိုင်ငံသားဖြစ်တယ် ဆိုပြီးတော့လည်းကောင်း၊ တစ်ခါ အခန်း(၁) နိုင်ငံတော်ရဲ့အခြေခံမူများ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)မှာဆိုရင် နိုင်ငံသားတိုင်းဟာ ဤဖွဲ့စည်းပုံအခြေခံဥပဒေမှာ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတွေကို ခံစားခွင့်ရှိသည်လို့ ပြဋ္ဌာန်းထားတဲ့အပြင် အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနဲ့ တာဝန်များခေါင်းစဉ်အောက်က ပုဒ်မ ၃၄၇၊ ပုဒ်မ ၃၄၈ တွေမှာဆိုလို့ရှိရင်လည်းပဲ နိုင်ငံသားတွေဟာ ဥပဒေရေးရာအရ တန်းတူညီမျှမှုအခွင့်အရေးတွေရရှိရမယ့်အပြင် လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသမီး၊ အမျိုးသား၊ ဆင်းရဲချမ်းသာ အဲဒီဟာတွေကြောင့် ခွဲခြားဆက်ဆံ မခံရဖို့ဆိုတာ နိုင်ငံတော်က ကာကွယ်လုပ်ဆောင်ပေးရမယ့်အရာတွေလို့ ဖွင့်ဆိုပြဋ္ဌာန်းထားတာကြောင့် ကျွန်တော်တို့ နိုင်ငံသားအချင်းချင်းကြား တန်းတူညီမျှမှု ရှိဖို့လိုပါတယ်။ အဲဒီလိုရှိအောင်လည်းပဲ နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးရမယ့် တာဝန်ရှိပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ဒီပုဒ်မ ၅၊ ပုဒ်မခွဲ(က)ကို ကျွန်တော့်အနေနဲ့ ပြင်ဆင်လိုတာကတော့ နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်ခြင်းဆိုတဲ့ စကားရပ်အစား ဖွဲ့စည်းပုံအခြေခံဥပဒေပါ အသုံးအနှုန်းဖြစ်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူဖြစ်ခြင်းဆိုတဲ့ စကားရပ်ကို အစားထိုးသုံးစွဲသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ဒုတိယအချက်အနေနဲ့ အခန်း(၄) ရပ်/ကျေးအုပ်ချုပ်ရေးမှူး ခန့်အပ်တာဝန်ပေးခြင်းဆိုတဲ့ အခန်းက ပုဒ်မ ၇၊ ပုဒ်မခွဲ(စ)ကို ဖြည့်စွက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မူလဥပဒေပါ ပြဋ္ဌာန်းချက်အရဆိုရင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးကို ဆယ်အိမ်စုကိုယ်စားလှယ်တွေရဲ့မဲနဲ့ ရွေးချယ်ခဲ့ကြပြီးတော့ အခုပြင်ဆင်လိုက်တဲ့ ဥပဒေကြမ်းမှာ အိမ်ထောင်စုတစ်စုစီမှ အိမ်ထောင်ဦးစီး သို့မဟုတ် အသက်(၁၈)နှစ် ပြည့်ပြီးသူအိမ်ထောင်စုဝင်တစ်ဦးက လျှို့ဝှက်ဆန္ဒမဲပေး ရွေးချယ်စေရမည် ဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ မူလရွေးကောက်ပွဲမှာ ကျွန်တော်တို့က ဆယ်အိမ်စုတွေနဲ့ပဲ အကျဉ်းချုံးပြီးလုပ်နိုင်တဲ့အတွက် ကုန်ကျစရိတ် သိပ်မရှိပေမယ်လို့ အခု အသစ်ပြဋ္ဌာန်းလိုက်တဲ့အရာအရတော့ တစ်အိမ်တစ်ယောက်ဖြစ်တဲ့အတွက်ကြောင့် ဒီဥစ္စာက ဒေသန္တရရွေးကောက်ပွဲ အသေးစားလေးတစ်ခုလို့ဆိုရင် မှားမယ်မထင်ပါဘူး။

ဒီတော့ ကျွန်တော်တို့လုပ်ရမယ့်လုပ်ငန်းတွေလည်း ပိုလာပါတယ်။ ပိုလာတဲ့လုပ်ငန်းတွေကတော့ မဲပေးပိုင်ခွင့်ရှိတဲ့ အိမ်ထောင်စုအမည်ပါတဲ့ မဲစာရင်းတွေ၊ အုပ်ချုပ်ရေးမှူး အမည်တွေပါတဲ့ မဲပြားတွေ၊ မဲပေးခန်းတွေ၊ အဲဒီဥစ္စာတွေကိုစောင့်မယ့် အခန်းစောင့်တွေ၊ မဲဆန္ဒရှင်တွေအတွက် နေရာထိုင်ခင်းတွေ လိုလာပါတယ်။ ခါတိုင်းလို တစ်ရက်တည်းနဲ့ ကျွန်တော်တို့ ကျင်းပနိုင်တော့မှာ မဟုတ်ပါဘူး။ နှစ်ရက် သို့မဟုတ် သုံးရက် ဖြစ်သွားနိုင်ပါတယ်။ အဲဒီတော့ အခုရွေးချယ်တဲ့ ပုံစံဟောင်းထက်ငွေကုန်ကြေးကျ ပိုလာမယ်။ ဝိုင်းလုပ်ပေးမယ့်လူ လိုလာမှာဖြစ်တဲ့အတွက် ဒီဥပဒေကြမ်းထဲမှာ မဖြစ်မနေ ကျခံသုံးစွဲရမယ့်ငွေတွေအတွက်၊ ပိုမိုလိုအပ်လာမယ့်လူအင်အားတွေအတွက်၊ မဲပေးရမယ့်ပုံစံအခင်းအကျင်းနဲ့ လုပ်ထုံးလုပ်နည်းတွေကို ပြဋ္ဌာန်းထားတာ တစ်ခုမှမတွေ့ရဘူး။ ဒါကြောင့် ဒီလိုအပ်ချက်တွေကို ဥပဒေကြမ်းကော်မတီအနေနဲ့ ဖြည့်စွက်ရေးသွင်းခြင်းနည်းနဲ့ဖြစ်စေ၊ နည်းဥပဒေမှာထည့်သွင်းရေးဆွဲခြင်းနည်းနဲ့ဖြစ်စေ အလေးအနက်ထား စဉ်းစားသင့်တဲ့အရာဖြစ်ကြောင်း ဖြည့်စွက် အကြံပြုလိုပါတယ်။

လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုနောက်ဆုံး ကျွန်တော် ဆွေးနွေးလိုတာကတော့ အခန်း(၈) ပါ နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းနဲ့ အစားထိုးခန့်အပ်ခြင်းဆိုတဲ့ အခန်းပဲ ဖြစ်ပါတယ်။ အဲဒီအခန်းက ပုဒ်မ ၁၅ ကို အဓိက ဆွေးနွေးမှာ ဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးဆိုတာက မြို့နယ်နဲ့ခရိုင်အဆင့် အုပ်ချုပ်ရေးမှူးတွေလို ခန့်အပ်ခံအဖြစ် အာဏာယူထားတာမဟုတ်ဘဲ အရွေးချယ်ခံပုဂ္ဂိုလ်တွေဖြစ်ပြီးတော့ ရပ်ရွာအတွင်းနေထိုင်သူတွေရဲ့ ခွင့်ပြုချက်နဲ့ အုပ်ချုပ်ရေးအာဏာကို အပ်နှင်းခြင်းခံထားရတဲ့သူ ဖြစ်ပါတယ်။ သူ့ကိုကြိုက်လို့ အာဏာအပ်ထားတဲ့ပြည်သူတွေဟာ သူစီမံအုပ်ချုပ်စဉ်ကာလမှာ ဖောက်လွဲဖောက်ပြန်လုပ်တဲ့အတွက်ကြောင့် မကြိုက်တော့ဖူးဆိုရင် သူ့ကိုပြန်ပြီးတော့ ဖြုတ်ချပိုင်ခွင့် တစ်နည်းအားဖြင့်ပြောရင် Right to Recall လို့ခေါ်တဲ့အခွင့်အရေး ပြည်သူတွေမှာ ရှိရပါမယ်။ သူ့ကို တင်မြှောက်လိုက်တဲ့ အုပ်ချုပ်ရေးမှူးက၊ သူတို့တင်မြှောက်လိုက်တဲ့ အုပ်ချုပ်ရေးမှူးက ရပ်ရွာအကျိုးလည်းမလုပ်၊ အဂတိ တရားလိုက်စား ဆိုတာကို စောင့်ကြည့်ဖို့ရာ အဲဒီရပ်ရွာမှာနေထိုင်တဲ့ ပြည်သူတွေထက်ဘယ်သူမှ ပိုပြီးတော့ မသိနိုင်ပါဘူး။ ဒါကြောင့် အခန်း(၈)၊ ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ခ)ပါအချက်ထဲက ရပ်/ကျေးအုပ်ချုပ်ရေးမှူးတစ်ဦးဟာ အခန်း(၅)ပါ လိုက်နာစောင့်ထိန်းရမယ့် ကျင့်ဝတ်တွေဖြစ်တဲ့

ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနဲ့အညီဆောင်ရွက်ရမှာကို မဆောင်ရွက်တဲ့ကိစ္စ၊ လုပ်ပိုင်ခွင့် အလွဲသုံးစားလုပ်တာ၊ မလျော်ဩဇာသုံးတာ၊ မသမာမှုအရှိန်အဝါသုံးပြီးတော့ ပြုလုပ်တဲ့ ကိစ္စ၊ ပေးအပ်တဲ့တာဝန်ကို မကျေပွန်တဲ့ကိစ္စတွေ ဖြစ်ပေါ်လာရင် မြို့နယ်အုပ်ချုပ်ရေးမှူးက ဦးဆောင်ပြီး အဖွဲ့ဖြင့် စုံစမ်းစစ်ဆေး အရေးယူနိုင်တယ်လို့ ဥပဒေကြမ်းမှာ ပြဋ္ဌာန်းထားပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို အချိန်နည်းနည်း ထပ်ပေးဖို့ တောင်းဆိုပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ စဉ်းစားဖို့ ဖြစ်လာပါပြီ။ ဒါဆိုရင် အဲဒီလို ရပ်/ကျေးအုပ်ချုပ်ရေးမှူးတစ်ဦးက အပြစ်ကျူးလွန်၊ မလွန်ကို ဘယ်သူကစောင့်ကြည့်မှာလဲ၊ ဘယ်သူက မြို့နယ်အုပ်ချုပ်ရေးမှူးကို တိုင်ကြားမှာလဲ ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ ရိုးသားပြီးတော့ ကြောက်တတ်တဲ့ ကျွန်တော်တို့ ရွာသူ၊ ရွာသားတွေဟာ မြို့တက်ပြီး အုပ်ချုပ်ရေးမှူးကို တိုင်ကြားဖို့ကိစ္စဆိုတာ တော်ရုံသတ္တိ၊ တော်ရုံအတွေ့အကြုံနဲ့ မဖြစ်နိုင်ပါဘူး။ ဒ့ီအပြင် အဲဒီကျူးလွန်ထားတဲ့ကိစ္စမှာ မြို့နယ် အုပ်ချုပ်ရေးမှူးပါ ပါဝင်ပတ်သက်နေရင် ဘယ်သူ့ကိုတိုင်ပြီး ဘယ်လိုအရေးယူလို့ ရပါတော့မလဲ။ အခုလက်တွေ့မှာ အောက်ခြေမှာ အဲဒီလိုတွေဖြစ်နေတာကြောင့် ဒီရွေးချယ်ပုံစနစ်ကို ပြည်သူတွေ မကြိုက်ကြခြင်းပဲ ဖြစ်ပါတယ်။

ကျွန်တော်အကြံပြုလိုတာကတော့ ရပ်/ကျေးအုပ်ချုပ်ရေးမှူး ဘာတွေလုပ်နေသလဲဆိုတာ ကို အဲဒီမှာနေထိုင်တဲ့ ပြည်သူတွေက မကြည့်ဘဲနဲ့ မြင်နေရပါတယ်။ မဟုတ်တာလုပ်တာနဲ့ တန်းသိတာ ဟာ ဒေသခံတွေပဲ ဖြစ်ပါတယ်။ သူတို့သိတာကို အချိန်မရွေး တင်ပြပြောဆိုနိုင်တဲ့အခွင့်အလမ်း တစ်ရပ်ကို ဖန်တီးပေးခြင်းအားဖြင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေရဲ့ မလျော်မကန်လုပ်မှုတွေကို အလွယ်တကူ ထိန်းညှိနိုင်မှာဖြစ်ပါတယ်။ တင်ပြတိုင်ကြားနိုင်တဲ့ အလွယ်ကူဆုံးနည်းလမ်းကတော့ အခု ကျွန်တော်တို့ကျင့်သုံးနေတဲ့ ဘုရားပြီး ငြမ်းဖျက်စနစ်အရ ပယ်ဖျက်ခြင်း၊ ပစ်ပယ်ခြင်းခံလိုက်ရတဲ့ ရပ်ကွက်ကျေးရွာအတွင်း ဩဇာတိက္ကမရှိတဲ့ပုဂ္ဂိုလ်များနဲ့ ဖွဲ့စည်းထားပြီးဖြစ်တဲ့ ကြီးကြပ်ရေးအဖွဲ့ (၅)ဦးကို တိုင်ကြားမှု လက်ခံထိန်းညှိရေးအဖွဲ့အဖြစ်နဲ့ အုပ်ချုပ်ရေးမှူး သက်တမ်းတစ်လျှောက် ဆက်လက်သုံးစွဲသွားဖို့ပဲ ဖြစ်ပါတယ်။ ဒီလိုလုပ်လိုက်ခြင်းအားဖြင့် အုပ်ချုပ်ရေးမှူး ကြီးကြပ်ရေးအဖွဲ့ ဟာ ဆက်လက်အသက်ဝင်နေပြီးတော့ အုပ်ချုပ်ရေးမှူးကို အနီးကပ်စောင့်ကြည့် ထိန်းညှိနိုင်မှာပဲ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ အခန်း(၁၁) ပြစ်မှုနှင့် ပြစ်ဒဏ်များဆိုတဲ့ အခန်းမှာ ပုဒ်မသစ် တစ်ရပ်ကို ထပ်မံဖြည့်စွက်လိုပါတယ်။ အဲဒါကတော့ ပုဒ်မ ၁၁ ပါ စောင့်ထိန်းရမည့်ကျင့်ဝတ်များကို လိုက်နာရန်ပျက်ကွက်ကြောင်း ခိုင်မာသောသက်သေဖြင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်မှုရွေးချယ်ရေး ကြီးကြပ်ရေးအဖွဲ့က တင်ပြလာလျှင် မြို့နယ်အုပ်ချုပ်ရေးမှူးသည် မိမိ ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ပါဝင်သော (၅)ဦးပါ ခုံအဖွဲ့ဖြင့် စစ်ဆေးပြီး ပြစ်မှုထင်ရှားပါက ထိုရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးအား တာဝန်မှရပ်စဲစေရမည့်အပြင် တရားဥပဒေအရ ဆက်လက် အရေးယူနိုင်ရေးအတွက် စီမံဆောင်ရွက်ရမည်ဆိုတဲ့ စာသားကို ထပ်မံဖြည့်စွက်လိုပါတယ်။ ဒီပုဒ်မ တစ်ခုကို ထပ်တိုးလိုက်ခြင်းအားဖြင့် ရပ်ရွာနေထိုင်သူများဟာ Right to Recall ကို ကြီးကြပ်ရေး အဖွဲ့ကနေတစ်ဆင့် အလွယ်တကူသွယ်ဝိုက် ရရှိစေမှာဖြစ်သလို မြို့နယ်နဲ့ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ

ပူးပေါင်းလုပ်ဆောင်နေတဲ့ အဂတိတရားများကိုလည်း ထိန်းညှိနိုင်ခြင်းဆိုတဲ့ အကျိုးကျေးဇူးကိုလည်းပဲ ကျွန်တော်တို့ ခံစားရရှိမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှလုံး ရွှင်ပြုံးကြည်သာနိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်းနဲ့ ကျွန်တော့်ရဲ့ဆွေးနွေးချက်ကို ဒီမှာပဲ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၂:၄၀။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၂:၄၀။**

**ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။မင်္ဂလာပါရှင်။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည် တော်များအားလုံး၊ နိုင်ငံသူနိုင်ငံသားများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံ ကြပါစေလို့ ဦးစွာပထမနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌ ကြီးရှင်။ ကျွန်မအနေနဲ့ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများ ကော်မတီက တင်သွင်းလာတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အခုအချိန်ဟာ ကျွန်မတို့နိုင်ငံမှာ ပြည်သူ့အစိုးရဦးဆောင်တဲ့ နိုင်ငံသစ်ကို တည်ဆောက်တဲ့နေရာမှာ အားလုံးပူးပေါင်းပါဝင်နိုင်တဲ့ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တစ်ရပ် ဖြစ်ထွန်းလာဖို့အတွက် အချိန်အခါကောင်းဖြစ်သလို နိုင်ငံတစ်နိုင်ငံရဲ့ အခြေခံကျတဲ့ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးဥပဒေအပါအဝင် အုပ်ချုပ်မှုစနစ်တွေမှာ ပြည်သူတွေအတွက်ကို ထိရောက်မယ့်၊ အကျိုး ဖြစ်ထွန်းမယ့် ဥပဒေတွေတော်တော်များများကို ကျွန်မတို့ ပယ်ဖျက်သင့်တာပယ်ဖျက်၊ ပြင်ဆင်သင့်တာ ပြင်ဆင်နေတဲ့ အချိန်အခါနဲ့လည်း တိုက်ဆိုင်နေပါတယ်။ ဒါ့ကြောင့် ဒီဥပဒေကို တတိယအကြိမ် ပြင်ဆင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်ကောင်းနဲ့ တင်သွင်းလာတဲ့အပေါ်မှာလည်း ကျွန်မတို့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်အနေနဲ့ ကြိုဆိုထောက်ခံပါတယ်။ ပိုမိုပြီးတော့ သင့်တော်တဲ့ ရည်ရွယ်ချက်နဲ့ ကျွန်မအနေနဲ့ ဆွေးနွေးချင်တာက ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)နိုင်ငံသား၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနဲ့ တာဝန်များအခန်းမှာပါဝင်တဲ့ ပုဒ်မ ၃၄၇၊ ၃၄၈ တို့အရ ပုဒ်မ ၃၄၇ မှာပါဝင်တဲ့ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရ တန်းတူညီမျှ အခွင့်အရေး ရရှိစေရမယ် ဆိုတဲ့အချက်အရ တတိယအကြိမ်ပြင်ဆင်တဲ့ ဒီဥပဒေရဲ့ အခန်း(၃) ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးဥပဒေမှ အုပ်ချုပ်ရေးမှူးများ၏ အရည်အချင်းများနဲ့ ပတ်သက်ပြီး ဆွေးနွေးလိုပါတယ်။ အခန်း(၃) ပုဒ်မခွဲ(ခ)အရ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများဟာ အသက်(၂၅)နှစ် ပြည့်ပြီးသူ ဖြစ်ရမယ်လို့ ပါရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ အသက်(၂၅)နှစ်ပြည့်ပြီးသူအစား အသက်(၁၈)နှစ် ပြည့်ပြီး သူလို့ ပြင်ဆင်လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ အခန်း(၄)ပုဒ်မ(စ)အရ အုပ်ချုပ်ရေးမှူးကို ရွေးချယ်

တဲ့နေရာမှာ အိမ်ထောင်ဦးစီး သို့မဟုတ် အသက်(၁၈)နှစ်ပြည့်ပြီးတဲ့ အိမ်ထောင်စုဝင်တစ်ယောက်က လျှို့ဝှက်ဆန္ဒမဲပေး ရွေးချယ်ရမယ်လို့ ဖော်ပြပါရှိပါတယ်။ အသက် (၁၈)နှစ်ပြည့်ပြီးတဲ့သူတိုင်း မိမိ ရပ်ရွာအကျိုးကို သယ်ပိုးနိုင်မယ့်သူကို အုပ်ချုပ်ရေးမှူးကို ရွေးချယ်ခွင့်ရှိသလို ကိုယ်တိုင်လည်း အရွေးချယ်ခံပိုင်ခွင့်ရှိတယ်လို့ ကျွန်မအနေနဲ့ ယူဆပါတယ်။ ဒီနေရာမှာ ကျွန်မရဲ့ယူဆချက်နဲ့ ကွဲလွဲနိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများလည်း ရှိနိုင်ပါတယ်။ အသက်(၂၅)နှစ်မပြည့်သေးတဲ့ လူငယ် တစ်ယောက်က အုပ်ချုပ်ရေးအတွေ့အကြုံ ဗဟုသုတ၊ အထွေထွေ အားနည်းချက်တွေနဲ့ ရှိနိုင် တယ်လို့လည်း ယူဆစရာရှိပါတယ်။ အဲဒီလိုယူဆမယ့်လူတွေအပေါ်မှာလည်း အဲဒီရဲ့ ယူဆချက်ကို ကျွန်မအနေနဲ့ သဘောတူပါတယ်။ အဲဒီလိုမျိုး ယူဆတဲ့ လူတွေကိုလည်း အလေးထားပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့ အယူအဆကတော့ အဲဒီလို အသက်အရွယ်ကန့်သတ်ချက် မထားခဲ့တဲ့အတွက် အသက်(၂၀) အရွယ် ကိုအောင်ဆန်း ဟာ ၁၃၃၅ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်သမဂ္ဂရဲ့ ဥက္ကဋ္ဌအဖြစ် ကျွန်မတို့ မြင်တွေ့ခဲ့ရတာဖြစ်ပါတယ်။ အဲဒီ သမဂ္ဂဥက္ကဋ္ဌလုပ်ခဲ့တဲ့ အတွေ့အကြုံတွေ၊ တာဝန်ယူမှု၊ တာဝန် ခံမှုတွေ၊ နောက်ပြီးတော့ ဒီလိုမျိုး အလေ့အထတွေကို အခြေခံပြီးတော့ အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဖခင်ကြီးအဆင့်ထိ တက်လှမ်းပြီးတော့ ကျွန်မတို့နိုင်ငံအတွက် အကျိုးများခဲ့တာလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ လက်ရှိ အင်္ဂလန်နိုင်ငံရဲ့ ပါလီမန်မှာ တာဝန်ထမ်းဆောင် နေတဲ့ အသက်အငယ်ဆုံး အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်ဟာလည်း သူ စတင် တာဝန်ထမ်း ဆောင်တဲ့အချိန်မှာ အသက်(၁၉)နှစ်ပဲ ရှိသေးတယ်ဆိုတာကိုလည်း ကျွန်မတို့ အားလုံးသိကြပြီးဖြစ် ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံမှာ လူငယ်တွေကို နိုင်ငံရေးလုပ်ပိုင်ခွင့်၊ အုပ်ချုပ်ရေး လုပ်ပိုင် ခွင့်တွေမှာ ကန့်သတ်ခံခဲ့ရတဲ့ နိုင်ငံရေးသားကြောဖြတ်ခံခဲ့ရတဲ့ ကာလတစ်ခုရှိတယ်ဆိုတာလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။ လူငယ်တွေဟာ အုပ်ချုပ်ရေးတွေမှာ စီးပွားရေး၊ ပညာရေးတွေမှာ ကျွန်မတို့တွေ ပါဝင်ခွင့်မရဘဲနဲ့ နိုင်ငံအရေးတွေမှာ ခပ်ဝေးဝေးနေခဲ့ရတဲ့ ကန့်သတ်ချက်များစွာနဲ့ ကာလတစ်ခုလည်း ရှိခဲ့ပါတယ်။ အဲဒီကန့်သတ်ချက်တွေ၊ အဲဒီကာလတွေဟာ ကျွန်မတို့နိုင်ငံကို ဘယ်လိုမှ အကျိုးမပြုခဲ့ဘူးဆိုတာလည်း အားလုံးအသိဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနေ့ခေတ်လို ပြောင်းလဲ လာတဲ့အချိန်မှာ ကျွန်မတို့က နိုင်ငံအသစ်ကို တည်ဆောက်ရာမှာ အဲဒီနိုင်ငံတည်ဆောက်တဲ့ အခန်း ကဏ္ဍတိုင်းမှာ ကျွန်မတို့ လူငယ်တွေကို သူတို့စိတ်ဝင်စားရာကဏ္ဍကနေ ကျွန်မတို့ လက်တွဲခေါ်ဆောင် ဖို့အတွက် လိုပါတယ်၊ ယုံကြည်ပေးဖို့လိုပါတယ်၊ လမ်းဖွင့်ပေးဖို့ လိုပါတယ်။ သူတို့အတွက်ကို အခွင့်အရေးတွေ ဖွင့်ထားပေးဖို့ ယုံကြည်စွာ တာဝန်တွေလည်း အပ်နှင်းဖို့လိုပါတယ်။ အဲဒီအတွက် ကြောင့်မို့လို့ ကျွန်မတို့ အဲဒီလိုမျိုး ဖွင့်ပေးထားရင်တောင်မှ ခေတ်အဆက်ဆက်က ကျွန်မတို့ ခေါက်ရိုး ကျိုးခဲ့တဲ့ ဖိနှိပ်ကန့်သတ်ခံခဲ့ရတဲ့ အနေအထားတစ်ရပ်မို့လို့ အဲဒီလို လမ်းဖွင့်ပေးထားမယ် ဆိုရင်တောင်မှ အဲဒီလမ်းကို လူငယ်တွေအနေနဲ့ လျှောက်လမ်းနိုင်ဖို့ဆိုတာ ခဲယဉ်းနေတဲ့အနေအထား မှာပဲ ရှိနေပါသေးတယ်။ ဒါကြောင့်မို့လို့အတွက် လူငယ်တွေအတွက်ကိုတော့ ဘာအကြောင်းကြောင့် နဲ့မှ ကျွန်မတို့ ဒီအသက်အရွယ် ကန့်သတ်ချက်တစ်ခုဟာ အတားအဆီးအဖြစ် ရှိမနေသင့်ပါဘူး။

နောက်ပြီးတော့ လူငယ်တစ်ယောက်ဟာ ရပ်ရွာကလည်း ထောက်ခံတယ်၊ ရပ်ရွာအကျိုးကို လည်းလုပ်နိုင်တယ်၊ လုပ်ချင်စိတ်လည်း ရှိနေတယ်ဆိုရင် အသက်အရွယ်ကန့်သတ်ချက်က အတား

အဆီးတစ်ခု ဖြစ်မနေသင့်ဘူးလို့ ကျွန်မအနေနဲ့ ယူဆပါတယ်။ ဥပမာအားဖြင့် အသက် (၂၄)နှစ်ရှိတဲ့ လူငယ်တစ်ယောက်က အားလုံးလည်း အဆင်သင့်ဖြစ်နေပါလျက်နဲ့ ကျွန်မတို့ (၂၅)နှစ် ပြည့်မှ အုပ်ချုပ်ရေးမှူးတာဝန်ကို ထမ်းဆောင်ရမယ်ဆိုပြီးတော့ အရွေးချယ်ခံပိုင်ခွင့်မရှိဘူး ဆိုတာလည်း ဖြစ်သင့်သလားဆိုတဲ့ အချက်တစ်ခုအနေနဲ့ ကျွန်မတို့ စဉ်းစားနိုင်ပါတယ်။

နောက်ပြီးတော့ ဒီလိုမျိုး အုပ်ချုပ်ရေးမှူးတွေကို ရပ်/ကျေးအဆင့်မှာပေါ့နော်၊ တာဝန် ထမ်းဆောင်ခွင့် လူငယ်တွေကိုပေါ့ တာဝန်ထမ်းဆောင်ခွင့် ပေးလိုက်ခြင်းအားဖြင့် ဒီလိုပဲ မြို့နယ် အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်အဆင့်နဲ့ နောက်ဆုံး State Level တွေမှာပါ ကျွန်မတို့ လူငယ်တွေက သူတို့ကိုယ်သူတို့ ယုံကြည်မှုတွေနဲ့ တာဝန်ထမ်းဆောင်လာနိုင်တဲ့ ကာလတစ်ခုကိုလည်း ရောက်လာနိုင် ပါတယ်။ နောက်ပြီးတော့ အဲဒီလိုမျိုး ကျွန်မတို့ဟာ ကျွန်မတို့ဘက်ကနေတော့ လမ်းဖွင့်ပေးထားတယ်၊ လူငယ်တွေကြိုးစားမှုအပိုင်းက လူငယ်တွေရဲ့ကဏ္ဍပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ ဥပဒေပြုတဲ့ လူတွေအပိုင်းအနေနဲ့ကျတော့ လူငယ်တွေကို ဥပဒေအရ အခွင့်အရေးပေးထားဖို့ လိုအပ်ပါတယ်။ ဒါဟာလည်း လူငယ်တွေကို ခေါင်းဆောင်မှုအခန်းကဏ္ဍကို ရောက်စေမယ့် နည်းလမ်းပေါင်းများစွာ ထဲက တစ်ခုဖြစ်မယ်လို့ ကျွန်မအနေနဲ့ ယူဆပါတယ်။ အဲဒီလိုမျိုးလုပ်တဲ့အတွက်ကြောင့်မို့လို့ လူငယ် တွေကလည်း ဒီလိုနိုင်ငံတည်ဆောက်ရာမှာ ငါတို့တွေက တစ်ထောင့်တစ်နေရာ အခန်းကဏ္ဍတစ်ခု ကနေပြီးတော့ တာဝန်ယူသင့်ပါလား၊ တာဝန်ယူလို့ရပါလားဆိုတဲ့ အသိစိတ်ဓာတ်တွေ မျိုးစေ့တွေကို ကျွန်မတို့ ချပေးလိုက်ခြင်းလည်း မည်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မတို့နိုင်ငံမှာ စကားတစ်ခုရှိပါတယ်။ လူငယ်ဆိုတာ အနာဂတ်ရဲ့ ခေါင်းဆောင်တွေ၊ ဒါလည်း မှန်ပါတယ်။ လူငယ်ဟာ အနာဂတ်ရဲ့ ခေါင်းဆောင်တွေပါ။ ဒါပေမဲ့ ပစ္စုပ္ပန်ရဲ့ ခေါင်းဆောင်ရော မဖြစ်နိုင်ဘူးလားလို့ မေးစရာရှိပါတယ်။ လူငယ်တစ်ယောက်က အရည်အချင်းလည်းရှိမယ်၊ ရပ်ရွာ ကလည်း ထောက်ခံမယ်၊ အရည်အချင်းပြည့်မီပြီးတော့ အုပ်ချုပ်နိုင်မယ့် စွမ်းရည်လည်းရှိမယ်ဆိုရင် ကျွန်မအနေနဲ့ အနာဂတ်ထိ စောင့်နေစရာမလိုဘူးလို့ ကျွန်မ ယူဆပါတယ်။ ပစ္စုပ္ပန်မှာ တာဝန်ပေး လိုက်ခြင်းအားဖြင့် ကျွန်မတို့ လူငယ်တွေရဲ့ အခန်းကဏ္ဍကိုလည်း မြှင့်တင်ပေးနိုင်ပါတယ်။ ပြီးတော့ ဒီနေ့ခေတ်လူထုကလည်း မှန်ကန်စွာရွေးချယ်နိုင်ဖို့ဆိုတာ ဘာမှ သံသယဖြစ်စရာမရှိပါဘူး။ ကျွန်မတို့ အသက်အရွယ်ဘယ်လောက်ထိ ကန့်သတ်ထားသည်ဖြစ်စေ၊ လူထုကမကြိုက်ရင်၊ ယုံကြည်မှုမရှိရင် ရွေးချယ်မှာ မဟုတ်ပါဘူး။ အဲဒီအတွက်ကြောင့်မို့လို့ ကျွန်မတို့တွေက ဒီလူငယ်တွေအတွက် အတား အဆီးတစ်ခုဖြစ်နေတဲ့ပေါ့နော်၊ အသက်အရွယ်သတ်မှတ်ချက်ကို ဖြေလျှော့ပေးလိုက်ခြင်းအားဖြင့် ကျွန်မတို့တွေရဲ့ လူငယ်တွေပါဝင်ဖို့အတွက် လမ်းကြောင်းတစ်ခုဖြစ်တဲ့ အခန်း(၃)၊ ပုဒ်မခွဲ(ခ)ကို လူငယ် တွေအတွက်ကော၊ နိုင်ငံသူ၊ နိုင်ငံသားအားလုံးအတွက်ကော ပြင်ဆင်သင့်တယ်လို့ အကြံပြုဆွေးနွေး ရင်းနဲ့ ကျွန်မရဲ့ ဆွေးနွေးချက်ကို ရပ်နားပါမယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**အချိန်၊ ၁၂း၄၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဆွေးနွေးဖို့ ကိုယ်စားလှယ်(၅)ဦးကျန်ပါတယ်။ ကျန်ရှိတဲ့ ကိုယ်စားလှယ်(၅)ဦးရဲ့ ဆွေးနွေးမှုကို ၂၀၁၆ ခုနှစ်၊ မေလ ၂၄ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီမှာ ကျင်းပမယ့် အစည်းအဝေးမှာ ဆက်လက် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၂၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၈)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၄၁။**

**ဥက္ကဋ္ဌ။** ။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၂၄ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး(၂၇)ရက်မြောက်နေ့ကို ၁၂း၄၁ နာရီအချိန်တွင် ရပ်နားပါသည်။]